မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ တနလာနေ့ | အတွဲ(၆၆)၊ အမှတ်(၀၃၃)

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံမှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။ ပဏ္ဏိတဝဂ်(ဓမ္မပဒ-၇၈)

နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

သစ်တောများမှ သစ်များ၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်အပင်၊ ပျားရည်၊ မြို၊ ငှက်သိုက် အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ အစားအစာများ၊ ရေကောင်းရေသန့်များ၊ ဇီဝမျိုးစုံမျိုးကွဲများစသည့် စီးပွားရေးအရ အလွန်တန်ဖိုးရှိသော ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးပါသည်။

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အသိပညာပေး (၄) မိနစ်စာ Animation Video ပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၂၆ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် **မသန်စွမ်းသူများအပေါ် လှောင်ပြောင် သရော်မှုပပျောက်စေရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့် (Right -Based) အမြင်ပျံနှံစေရေး** အသိပညာပေး **Animation Video** ပြိုင်ပွဲကို ကျင်းပသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် Animation video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည် -


(က) ပြိုင်ပွဲအကြောင်းအရာကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်၊ စကားပြောများကို မြန်မာဘာသာဖြင့်သာ ဖော်ပြရမည်။

(ဂ) (၄) မိနစ်စာ (Animation Video) ဖန်တီးယှဉ်ပြိုင်ရမည်။

(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ❐



နိုင်ငံဘာလန့်ဒီဇင်ဘာလများတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေ ရောက်ရှိနိုင်လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်

နေပြည်တော် နိုဝင်ဘာ ၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန်အပူချိန်အထက်သို့ ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်အထိ ပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသောအယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၅ ကော်လံ ၅ ❍



ဘန်ဘွေးသစ်တောပျိုးဥယျာဉ်နှင့် လိပ်ကယ်ဆယ်ရေးစခန်းသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

နောင်ချို နိုဝင်ဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန်ဘွေးကျေးရွာရှိ သစ်တောပျိုးဥယျာဉ်နှင့် လိပ်ကယ်ဆယ်ရေးစခန်းသို့ ယနေ့ နံနက် ၉ နာရီက ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၅၀ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

ယနေ့ စဉ်းစားဖွယ်

အဖိုးတန်ရေကို ချွေတာသုံးစွဲကြပါစို့ — ဆောင်းပါး — စာ ၆

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဘိုလီးဗီးယားနိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာ — နိုင်ငံတကာသတင်း — စာ ၁၄

အခြေခံမိုးစာဖူလုံရေးမှသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးမည့် ကြက်မွေးမြူရေး — ဆောင်းပါး — စာ ၂၃

အလုပ်သမားဆေးရုံ(ထန်းတပင်)၌ နာတာရှည် ကျောက်ကပ်ရောဂါ ခံစားနေရသော အာမခံအလုပ်သမားလူနာများအား ကျောက်ကပ်သွေးသန့်စင်ဆေးကြောသည့် ဝန်ဆောင်မှုစတင်

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်)၌ပြင်ပလူနာကုသမှုဆေးရုံတက်လူနာကုသမှုများ၊ နာတာရှည်ကျောက်ကပ်ရောဂါ ခံစားနေရသော အာမခံအလုပ်သမားလူနာများအား ကျောက်ကပ်သွေးသန့်စင်ဆေးကြောသည့် ဝန်ဆောင်မှု စတင်ဆောင်ရွက်နိုင်မှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်နေသော အာမခံအလုပ်သမားလူနာများအား အလှူငွေများ ထောက်ပံ့ ပေးအပ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ❊

လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ပြည်ပရောက်မြန်မာနိုင်ငံလုပ်သားများ၏ ငွေလွှဲပို့မှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ကြောင်း FATF မှ ဆုံးဖြတ်

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၆-၁၀-၂၀၂၆ ရက်မှ ၃၀-၁၀-၂၀၂၆ ရက်အထိ ကျင်းပခဲ့သည့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့(Financial Action Task Force-FATF)၏ မျက်နှာစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

ရေချိုသယ်ဇာတကို တန်ဖိုးထား မလေမလွင့်စေဘဲ ချွေတာသုံးစွဲ

မြန်မာနိုင်ငံသည် ရေချိုအရင်းအမြစ်ပေါများ၍ ရေသယ်ဇာတ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာတို့ ရေကို ပေါပေါသီသီ သုံးစွဲခဲ့ကြသည်။ ရေသည်သုံး၍မကုန်၊ ဖြုန်း၍မခန်းသော တန်ဖိုး ကင်းမဲ့သည့်အရာမဟုတ်သည်ကို မေ့ထားခဲ့ကြသည်။

ကိန်းဂဏန်းအချက်အလက်များအရလည်း မြန်မာနိုင်ငံသည် ကမ္ဘာ့ရေချိုပိုင်ဆိုင်မှုတွင် အဆင့် ၁၄ နေရာ၌ရှိပြီး တစ်ကမ္ဘာလုံးရှိ ရေချိုပိုင်ဆိုင်မှု၏ ၁ ဒသမ ၇ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ ယင်းပမာဏသည် အာရှတိုက်တစ်တိုက်လုံး ရေချိုပိုင်ဆိုင်မှု၏ ၁၂ ရာခိုင်နှုန်းရှိပြီး အရှေ့တောင်အာရှနိုင်ငံများ၏ ၁၆ ရာခိုင်နှုန်းရှိသည်။ နိုင်ငံအတွင်းရှိ ဧရာဝတီ၊ ချင်တွင်း၊ စစ်တောင်း၊ သံလွင်ဟူသည့် အဓိကမြစ်ကြီးလေးစင်းနှင့် အဆိုပါမြစ်ကြီးများသို့ စီးဝင်သည့် မြစ်များ၊ ချောင်းများ၊ သဘာဝအင်းအိုင်များနှင့် စိမ့်စမ်း ရေထွက်များသည် နိုင်ငံ၏ ရေအရင်းအမြစ်များပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ထုတ်ယူသုံးစွဲနေသည့် ရေချိုပမာဏ စုစုပေါင်းအနက် ၈၉ ရာခိုင်နှုန်းကို စိုက်ပျိုးရေးကဏ္ဍက သုံးစွဲနေခြင်း ဖြစ်ပြီး မြို့ပြနှင့်ကျေးလက်ဒေသ လူနေအိမ်ခြေသုံးစွဲမှုများက ၁၀ ရာခိုင်နှုန်းခန့်ကိုလည်းကောင်း၊ စက်ရုံအလုပ်ရုံများနှင့် ကုန်ထုတ် လုပ်မှုကဏ္ဍက ၁ ရာခိုင်နှုန်းကိုလည်းကောင်း သုံးစွဲနေခြင်းဖြစ်သည်။ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ရာ ရေအရင်း အမြစ်အခြောက်အခြားကို လယ်ယာစိုက်ပျိုးရေးအတွက် သုံးစွဲခြင်း ဖြစ်ပြီး သုံးစွဲနေသည့် ရေပမာဏ၏ ၉၁ ရာခိုင်နှုန်းခန့်ကို မျက်နှာပြင် ရေ (မြစ်၊ ချောင်း၊ အင်းအိုင်) မှ ရယူခြင်းဖြစ်၍ ကျန် ၉ ရာခိုင်နှုန်းခန့်ကို မြေအောက်ရေမှ ထုတ်ယူသုံးစွဲနေခြင်းဖြစ်သည်။

လက်ရှိအချိန်ကာလသည် စူပါအယ်လ်နီညိုဖြစ်စဉ် ဖြစ်ပေါ်နေချိန် ဖြစ်ပြီး မြန်မာနိုင်ငံ၏ရာသီဥတုနှင့် ရေအရင်းအမြစ်တို့အပေါ် မြိမ်းခြောက်မှုတစ်ခုဖြစ်နေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO) နှင့် နိုင်ငံတကာ မိုးလေဝသစင်တာများ၏ ထုတ်ပြန်ချက်များအရ ယခုနှစ်နှောင်းပိုင်း နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့သည် စူပါအယ်လ်နီညို ဖြစ်စဉ် အားအကောင်းဆုံးအခြေအနေ ဖြစ်ပေါ်လာနိုင်ပြီး နောက်ဆက်တွဲအကျိုးသက်ရောက်မှုအနေဖြင့် ကုန်းတွင်းပိုင်း ရေခန်း ခြောက်မှုနှင့် ရေရှားပါးမှု၊ မြစ်ရေနှင့် မြေအောက်ရေ လျှင်မြန်စွာ ကျဆင်းမှု၊ သောက်သုံးရေပြတ်လပ်မှု စသည့်စိန်ခေါ်မှုများ ဖြစ်ပေါ် လာနိုင်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် ဆောင်းသီးနှံနှင့် လာမည့် နွေသီးနှံများအတွက် စိုက်ပျိုးရေမလုံလောက်မှု၊ သီးနှံအထွက်နှုန်း ကျဆင်းမှုများနှင့် ရင်ဆိုင်ရနိုင်သည်။ ရေလှောင်တမံများနှင့် ဆည်များတွင် ရေပင်ရောက်မှုနည်းပါးသွားခြင်းကြောင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုလျော့ကျကာ ဓာတ်အားပြတ်တောက်မှုနှင့် မြို့ပြ ရေပြတ်လပ်မှုတို့ကို ဆိုးရွားစွာဖြစ်ပေါ်စေနိုင်သည်။

မြန်မာနိုင်ငံတွင် ရေသုံးစွဲမှု၏ ၈၉ ရာခိုင်နှုန်းကို စိုက်ပျိုးရေးတွင် အသုံးပြုနေခြင်းဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍ၌ ရေချွေတာသုံးစွဲခြင်းက နိုင်ငံ၏ ရေအရင်းအမြစ်ကို ထိရောက်စွာကာကွယ်နိုင်သည်။ စပါး စိုက်ပျိုးရာတွင် အစိုတစ်လှည့် အခြောက်တစ်လှည့် ရေသွင်းစနစ်ကို သုံးစွဲခြင်းဖြင့် စပါးအထွက်နှုန်းမထိခိုက်စေဘဲ ရေကို ၃၀ ရာခိုင်နှုန်း ကျော်အထိ ချွေတာနိုင်သည်။ ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံသီးနှံ များ စိုက်ပျိုးရာတွင် အစက်ချနှင့် ရေမှုန်ဖွဲစနစ်ကို အသုံးပြုခြင်းဖြင့် ရေဆွေ့ပြန်မှုကိုလျှော့ချပြီး ရေကို ၅၀ ရာခိုင်နှုန်းကျော် သက်သာ စေသည်။ အပင်ခြေရေဆွေ့ပြန်မှုကိုတားဆီးရန် ကောက်ရိုး၊ မြက်ခြောက်၊ သစ်ရွက်ခြောက် သို့မဟုတ် စိုက်ပျိုးရေးသုံးပလတ်စတစ်စများဖြင့် မြေဆီလွှာကိုဖုံးအုပ်ပေးခြင်းက မြေအစိုဓာတ်ကို ကြာရှည်ထိန်းပေး နိုင်သည်။ စိုက်ပျိုးရေးခြံများတွင် မိုးရေစုကန်ငယ်များ ပြုလုပ်ထား ခြင်း၊ လူနေအိမ်များမှ သုံးစွဲပြီးထွက်လာသည့် (ဆပ်ပြာဓာတ်နည်း သော) ရေဆိုးများကို စိုက်ပျိုးရေအဖြစ် ပြန်လည်အသုံးချခြင်း၊ အယ်လ်နီညိုကြောင့် ရေပြတ်လပ်မည့်ရာသီများတွင် ရေအများ အပြားလိုအပ်သည့် စပါးသီးနှံအစား ရေလိုအပ်ချက်နည်းပြီး မိုးခေါင် ဒဏ်ခံနိုင်သော နှမ်း၊ ပဲ၊ ပြောင်း စသည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုး သင့်သည်။

အိမ်ထောင်စုအလိုက် ရေချွေတာရေးအတွက် ရေချိုးစဉ်/ သွားတိုက်မျက်နှာသစ်စဉ် ရေပိုက်ကိုဖွင့်မထားဘဲ ပိတ်ထားခြင်း၊ ပန်းကန်ဆေးရာတွင် ရေဖွင့်၍ တစ်ချပ်ချင်းမဆေးဘဲ ဇလုံကြီးတစ်ခု တွင် ရေထည့်၍စုဆေးခြင်း၊ အဝတ်လျှော်စက်ကို အဝတ်ပမာဏ အပြည့်ရှိမှသာ မောင်းနှင်လျှော်ဖွပ်ခြင်း၊ မီးဖိုချောင်သုံးဆန်ဆေးရေ၊ အသီးအရွက်ဆေးရေများကို သွန်မပစ်ဘဲ ပုံးဖြင့်စုဆောင်းကာ အိမ်ရှိ ပန်းအိုးများနှင့် အပင်များကိုလောင်းခြင်း၊ အဝတ်လျှော်ပြီးနောက် ထွက်လာသည့် နောက်ဆုံးရေကို အိမ်သာလောင်းခြင်း၊ ကြမ်းပြင် ဆေးရာတွင်အသုံးပြုခြင်းဖြင့် စုစုပေါင်းချွေတာကြရန်နှင့် အိမ်ရှိ ရေပိုက်များ၊ ပိုက်ခေါင်းများ၊ ရေစည်များယိုစိမ့်နေပါက ပြုပြင်ရန် လည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သောက်သုံးရေသည် အဖိုးတန်သယံဇာတတစ်ခုဖြစ်ရာ အယ်လ် နီညိုကာလ၌သာမက မည်သည့်အချိန်အခါတွင်မဆို အလေအလွင့် များပြားစွာ မပြုန်းတီးစေဘဲ တန်ဖိုးထား စနစ်တကျ ချွေတာသုံးစွဲကြရ ပါမည့်အကြောင်း။ ။

အဂတိလိုက်စားမှု ကင်းရှင်းစေရေး “1111” ကို ဖြေကြားပေးရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း



လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် နိုဝင်ဘာ ၁

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံဖိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/၈လ

၁ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅၇ရမ်/ ကုဗစင်တီမီတာ နှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၁၅၅ ဂရမ်) ၏ ဈေးနှုန်းမှာ ဂ၀၅၀၀၀၀ ကျပ် ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၃၄၀	၄၆၉၅	၄၆၄၅	၄၅၅၅	၄၇၀၀	၄၇၀၅	၄၇၄၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၄၅	၄၈၀၅	၄၇၀၅	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၅၉၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၆၆၅	၄၈၀၀	၄၆၇၅	၅၀၄၅	၅၀၇၅	၄၆၉၅	၄၈၄၅	၄၇၉၀	၄၇၄၅	၄၇၅၅	၄၉၀၀
HSD (500 ppm)	၄၃၅၅	၄၆၆၅	၄၆၂၀	၄၅၉၀	၄၆၇၀	၄၆၆၀	၄၇၀၅	၄၆၈၀	-	၄၉၀၀	၄၆၂၀	၅၂၂၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၅၄၀၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၆၅	၅၆၉၀	၅၅၆၅	၅၉၃၅	၅၆၆၅	၅၅၉၀	၅၇၀၀	၅၆၀၀	၅၆၃၅	၅၆၄၅	၅၈၀၅
HSD (10 ppm)	၅၄၀၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၆၅	၅၆၉၀	၅၅၆၅		၅၆၆၅	၅၅၉၀	၅၇၀၀	၅၆၀၀	၅၆၃၅	၅၆၄၅	၅၈၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၈	၅၃၆၂
HSD (10 ppm)	၅၂၂၈	၅၃၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ် ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂။ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွဲ့ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၃၀၊ မန်နေဂျာ ၀၁-၅၄၄၃၃၁၊ စီမံ ၀၁-၅၄၄၃၃၅၊ ဌေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၄၈၃၃၊ ၀၁- ၅၅၉၁၁၀။ Fax ၀၁-၅၄၄၁၂၂၊ ၀၆၇-၃၆၁၄၄၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

“လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။”

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် လွိုင်ကော်မြို့၊ တောင်ကြီးမြို့နှင့် မိတ္ထီလာမြို့တို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းနှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် နိဝင်ဘာ ၁

ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(လွိုင်ကော်) တို့တွင် လာမည့် ပညာသင်နှစ် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ သင်ကြားသင်ယူများ စနစ်တကျနှင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပင်မဆောင်အကြီးစားပြင်ဆင်ဆောင်ရွက်နေမှု၊ သင်ထောက်ကူပစ္စည်းများ၊ ကွန်ပျူတာခန်း၊ Lab ခန်းနှင့် အလုပ်ရုံတို့ကို ယမန်နေ့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့သည်။

ညနေပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)ရှိ စာသင်ခန်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသား ကျောင်းသူအဆောင်များ ပြင်ဆင်ဖြည့်ဆည်းထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများနှင့် ဆရာ ဆရာမများ ကျောင်းဆိုင်ရာများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ် (တောင်ကြီး)၌ ပင်မဆောင်အကြီးစား ပြင်ဆင်ဆောင်ရွက်နေမှု၊ စာသင်ခန်းများ၊ Standard Lab ခန်းများ ပြင်ဆင်နေရာချထားမှု၊ တည်ဆောက်ရေးလုပ်ငန်းခွင်များ၏ အဆောက်အအုံများ သတ်မှတ်ခုနှစ် အလိုက် အဆောက်အအုံ တည်ဆောက်ထားရှိမှု၊ ကျောင်းသား ကျောင်းသူအဆောင်၊ ဘောလုံးကွင်းပြေးလမ်းနှင့် ပွဲကြည့်စင်၊ Recreation Centre တည်ဆောက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ရှိမြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကချင်ပြည်နယ်အတွက် တစ်နာရီ ၅ တန်ကျ တိရစ္ဆာန်အစာစပ်စက်ရုံနှင့် တစ်လလျှင် ကြက်သားပေါက်ကောင်ရေ နှစ်သိန်း ထုတ်လုပ်နိုင်မည့် ကြက်သားဖောက်စက်ရုံတည်ဆောက်

မြစ်ကြီးနား နိဝင်ဘာ ၁

ကချင်ပြည်နယ်အတွင်း သား/ငါး နှင့် ဥစားသုံးမှု လုံလောက်ဖူလုံစေရေး၊ ကုန်စျေးနှုန်း တည်ငြိမ်မှု ရှိစေရေးအတွက် ပထမဆုံးသော တစ်နာရီ ၅ တန်ကျ တိရစ္ဆာန်အစာတောင့် စက်ရုံနှင့် တစ်လလျှင် ကြက်သားပေါက်ကောင်ရေ နှစ်သိန်း ထုတ်လုပ်ပေးနိုင်မည့် ဥဖောက်စက်ရုံများကို မြစ်ကြီးနား မြို့ ရွှေပြည်သာရပ်ကွက်အတွင်း တည်ဆောက်လျက်ရှိသည်။

အဆိုပါ စက်ရုံများကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အားပေးကူညီမှုဖြင့် KT ကုမ္ပဏီက ရွှေပြည်သာရပ်ကွက် လီဆူကွင်းအတွင်း မြေဧရိယာ ၂ ဒသမ ၅၀ ကော်ပေါတွင် တည်ဆောက်နေခြင်းဖြစ်ပြီး စက်ရုံများ တည်ဆောက်နေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နှန်သည် ပြည်နယ် ဝန်ကြီးများနှင့်အတူ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံတည်ဆောက်ပြီးစီးရန် လျာထားမှုအခြေအနေနှင့် ဆောက်လုပ်ရေးပစ္စည်း လိုအပ်ချက်အပေါ် လွယ်ကူလျင်မြန်စွာ ရရှိရေးတို့နှင့်စပ်လျဉ်း၍ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါစက်ရုံများတည်ဆောက်ပြီးစီးပါက အစာစပ်စက်ရုံအနေဖြင့် ကြက်၊ နွားနှင့်ငါး စသည့် တိရစ္ဆာန်အစာတောင့် တစ်နာရီလျှင် ၅ တန်ဖြင့် တစ်ရက်အလုပ်ချိန် ၈ နာရီအတွက် တန် ၄၀ကျော် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တိရစ္ဆာန်အစာမှုန့်ကိုတစ်နာရီလျှင် ၁၀တန်ဖြင့် တစ်ရက် အလုပ်ချိန် ၈ နာရီအတွက် တန် ၈၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ကြက်သားဖောက်စက်ရုံ တည်ဆောက်ပြီးစီးပါက ကနဦးအနေဖြင့် မန္တလေးနှင့် စစ်ကိုင်းမှ မျိုးကြက်ဥများကို သယ်ဆောင်၍ တစ်လလျှင် ကြက်သားပေါက် ကောင်ရေ ရှစ်သောင်းနီးပါး ထုတ်လုပ်နိုင် မည်ဖြစ်ပြီး မော်ဖောင်းကျေးရွာအတွင်း မျိုးကြက်ခြံတည်ဆောက်ပြီးပါက ကိုယ်ပိုင်မျိုးကြက်ခြံမှ တစ်ဆင့် ကြက်ဥများဖြင့် ဖောက်လုပ်ပါက တစ်လလျှင် ကြက်သားပေါက် နှစ်သိန်းကျော်ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်ထောင်ကျေးရွာအတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးစိုးတင့်၏ အသားတိုး ကြက်မွေးမြူရေး လုပ်ငန်း၌ အသားတိုး ကြက်ကောင်ရေ ၆၀၀၀၀ ကျော်မွေးမြူထားရှိမှု၊ မြစ်ကြီးနားမြို့ ပလန်ကျေးရွာ အုပ်စု၊ ပလန-၅ (ကံကော်မြို့ငယ်ကျေးရွာ)အတွင်း မွေးမြူရေးလုပ်ငန်းရှင် ဦးသက်နိုင်၏ ငါးမွေးမြူရေးကန်များ၌ ငါးကန်များ စနစ်တကျ ပြန်လည်တူးဖော်ဆောင်ရွက်နေမှု၊ ရေသွင်းမြောင်းများ ဖောက်လုပ်နေမှုနှင့် ထည့်သွင်းမွေးမြူထားသည့် ငါးများအား ပို့ကဆွဲ၍ ရောင်းချပေးနေမှုတို့ကို သွားရောက် ကြည့်ရှုအားပေးကြသည်။

ပြည်နယ်(ပြန်/ဆက်)



❐ *ရှေ့ဖုံးမှ*

(c) https://www.moswrr.gov.mm/awareness//movie-clip?Page=1 website ရှိအသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(၈) File Format သည် mp4/ wmv/ avi ၊ အနည်းဆုံး Full HD 1920x1080 pixels ၊ RGB အရောင်သတ်မှတ်ချက်နှင့် File Size သည် 1GB ထက်မပိုစေရ။

(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့်လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။

(၉) Animation Video အတွက် ခေါင်းစဉ်ပါအကြောင်းအရာနှင့်သက်ဆိုင်သည့် ဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက် ဖော်ပြနိုင်ပါသည်။

(၅) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့်ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့အား ပေးပို့ရမည်။

(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။

(၆) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation Video ကို သင့်လျော်သည့် နေရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation Video များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation Video များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Video Soft copy ကို Email (သို့မဟုတ်) DVD (သို့မဟုတ်) VCDဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၄၆၀၄၊ အီးမေးလ်ပို့စာ vulnerablegroup.moswrr@gmail.com၊ vulnerablegroup.dor@gmail.com သို့ ၁၃.၁၁.၂၀၂၆ရက်နေ့၊ ညနေ(၁၆:၀၀)နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ မသန်စွမ်းသူများအားလုံးပါဝင်နိုင်သည့် လူမှုအဖွဲ့အစည်း Inclusive ဖြစ်စေရေးလုပ်ငန်းတစ်ရပ်အဖြစ် ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် Animation Video ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြုဖိတ်ခေါ်အပ်ပါသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပသည့် နဝမအကြိမ် ကိုင်ရို ရေ ရက်သတ္တပတ် အခမ်းအနား ပါဝင်တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ ဝိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ကိုင်ရိုမြို့တွင် အောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပခဲ့သည့် နဝမအကြိမ် ကိုင်ရို ရေ ရက်သတ္တပတ် အခမ်းအနား (9th Cairo Water Week, 2026) သို့ ပါဝင်တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အီဂျစ်အာရပ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်တင်ရှိန်နှင့် အတူ နဝမအကြိမ် ကိုင်ရို ရေ ရက်သတ္တပတ် အခမ်းအနား ၂၀၂၆ ဖွင့်ပွဲတက်ရောက်သည်။

ဖွင့်ပွဲတွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတက ဗီဒီယိုမက်ဆေ့ဖြင့် အမှာစကား ပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးအဆင့်ရှိသူများနှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ ရေအရင်းအမြစ်နှင့် ဆည်မြောင်းဝန်ကြီးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြကာ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ဖွင့်ပွဲအမှာစကား ပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သမ္မတနန်းတော်တွင် အီဂျစ်အာရပ်သမ္မတနိုင်ငံသမ္မတ အဗ္ဒဒယ်ဖာတာ့ဟ် အယ်လ်စီစီနှင့် ဝန်ကြီးအဆင့်ရှိ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ထို့အတူ အခမ်းအနားနှင့် ဆက်စပ်ဆွေးနွေးပွဲများကိုလည်း တက်ရောက်လေ့လာခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အီဂျစ်အာရပ် သမ္မတနိုင်ငံ ဝိုက်ပျိုးရေးနှင့် မြေယာပြုပြင်ရေးဝန်ကြီး H.E. Alaa Farouk နှင့် လည်းကောင်း၊ ရေအရင်းအမြစ်နှင့် ဆည်မြောင်းဝန်ကြီး Dr. Hani Sewilan နှင့်လည်းကောင်း တွေ့ဆုံပြီး နှစ်နိုင်ငံ ဝိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍ နည်းပညာဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝါစိုက်ပျိုးရေး သုတေသနဌာနကိုလည်း ကောင်း၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ကာကွယ်ဆေးများ ထုတ်လုပ်နေမှုနှင့် ဓာတ်ခွဲခန်းများကိုလည်းကောင်း၊ နို့စားနွားမွေးမြူရေး လုပ်ငန်းများကိုလည်းကောင်း၊ နိုင်းမြစ်ရေဖြင့် စိုက်ပျိုးရေး ပေးဝေနိုင်ရေးဆောင်ရွက်မှုများနှင့် ရေသုတေသန ဆောင်ရွက်နေမှုများကိုလည်းကောင်း လေ့လာကြည့်ရှုခဲ့သည်။

ယင်းအပြင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန General Authority for investment and Free Zones (GAIF)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

※ ရှေ့ဖုံးမှ

နာတာရှည်ကျောက်ကပ်ရောဂါ ခံစားနေရသော လူနာများ များပြားလာသည့်အတွက် လိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့မှ ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများအနေဖြင့် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်ရန် မလိုအပ်ကြောင်း၊ အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် ကျောက်ကပ်သွေးသန့်စင်ခြင်းဝန်ဆောင်မှုကို လွယ်ကူစွာ ရယူခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် လိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ပန်း စက်မှုဇုန်ရှိ လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ပြီး အာမခံအလုပ်သမားများအား ကျန်းမာရေးဝန်ဆောင်မှုပေးအပ်နေသည့် လူမှုဖူလုံရေး–စံရတနာဆေးရုံ၌ ဆေးရုံ၏ ပြင်ပလူနာကုသမှုများ၊ သားဖွားမီးယပ် ပြင်ပလူနာကုသမှု၊ မီးဖွားဝန်ဆောင်မှုများ၊ ဓာတ်ခွဲ၊ ဓာတ်မှန် ဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယခုကဲ့သို့ စာချုပ်ဆေးရုံ ဖွင့်လှစ်ပေးခြင်းဖြင့် အာမခံအလုပ်သမားများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများအားလုံးရရှိနိုင်ခြင်း၊ စိုက်ထုတ်ကုန်ကျရမှုမရှိဘဲ ဆေးရုံ၏ ဝန်ဆောင်မှုများအား ရရှိသဖြင့် ကျန်းမာရေးကြောင့်ဖြစ်ပေါ်လာမည့် လူမှုဒုက္ခများကို လျော့ပါးသက်သာစေပြီး နိုင်ငံအတွက်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၃၆ မြို့နယ်ရှိ အကျုံးဝင်အာမခံအလုပ်သမား ၁ ဒသမ ၃၇ သန်းခန့်၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် လက်ရှိအခြေအနေတွင် လူမှုဖူလုံရေးအဖွဲ့ ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ် လူမှုဖူလုံရေး ဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၂ ခန်း၊ စာချုပ်ဆေးခန်း ၇၁ ခန်း၊ သားဖွားမီးယပ် ဝန်ဆောင်မှုဆောင်ရွက်နေသော ဆေးခန်း ရုစ်ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့အပြင် ရွှေလျားဆေးကုသယာဉ် လေးစီးဖြင့် အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အာမခံအလုပ်သမားများ၏ ရောဂါအခြေအနေအရ နိုင်ငံပိုင်ဆေးရုံကြီးများတွင် ပြသပြီး စိုက်ထုတ်ကုန်ကျခဲ့သော ဆေးဖိုးကုန်ကျစရိတ်များကိုစိစစ်၍ သတ်မှတ်ချက်များနှင့်အညီ ပေးအမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံအလုပ်သမား ၁၀၂၉၅၆၃ ဦး၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)၊ အလုပ်သမားဆေးရုံ (ထန်းတပင်)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ခန်း၊ တိုင်းရင်းဆေးကုခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၂၁ ခန်း၊ စာချုပ်ဆေးခန်း ၅၂ ခန်း၊ မီးဖွားခြင်း ဝန်ဆောင်မှုဆောင်ရွက်သည့် စာချုပ်ဆေးရုံ၊ သားဖွားခန်း ငါးခန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ လူနာပြသသည့် အကြိမ်ရေ ၆၉၇၅၈၂အတွက် ဆေးကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ကာ ဆေးဖိုးတင်ပြတောင်းခံသည့် အကြိမ်ရေ ၂၁၉၆ အတွက် ကျပ်သန်း ၂၄၆၂ ဒသမ ၄၂၅ ပေးအမ်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ ဘန့်ဘွေးသစ်တောဖျိုးဥယျာဉ်မှ

လေ့လာရေးခရီးစဉ်တွင် နောင်ချိုမြို့နယ် သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ထွန်းက ဘန့်ဘွေး သစ်တောဖျိုးဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ ဖျိုးထောင်ခြင်းနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး လိပ်ကယ်ဆယ်ရေးစခန်းတာဝန်ခံ ဒေါက်တာ တင့်လွင်က လိပ်များမွေးမြူထားမှု အခြေအနေ၊ လိပ်ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ လာရောက်လေ့လာကြသော ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး လိပ်စခန်းအတွင်း လေ့လာကြည့်ရှုကြသည်။

အဆိုပါ လိပ်ကယ်ဆယ်ရေးစခန်းကို နောင်ချိုမြို့နယ် သစ်တောဦးစီးဌာန ဘန့်ဘွေးဘိနယ်စခန်းအတွင်း ၂၀၁၂ခုနှစ် ဒီဇင်ဘာ ဖေဖော်ဝါရီတွင် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)နှင့်လိပ်မျိုးဆက်ရှင်သန်ပြန့်ပွားရေးအဖွဲ့ (TSA) တို့၏ နည်းပညာနှင့် ရန်ပုံငွေအထောက်အပံ့များဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာလအထိ လိပ်မျိုးစိတ်များ ထိန်းသိမ်းပြုစုစောင့်ရှောက်ထားမှုအနေဖြင့် လိပ်ကြက်တူရွေး ၃၄၅ ကောင်၊ လိပ်မောင်းကောင် ၁၄၀၊ လိပ်ဝါ ၆၅ ကောင်၊ ရခိုင်တောင်လိပ် နှစ်ကောင်၊ လိပ်မဲကြီးနှစ်ကောင်၊ လိပ်ပုတ် ၂၄ကောင်၊ လိပ်ပါးနီ ၁၂၁ ကောင် စုစုပေါင်း ၆၉၉ ကောင်ရှိကြောင်း သစ်တော ဦးစီးဌာနမှ သိရသည်။

မြို့နယ်
(ပြန်/ဆက်)


နိုင်ငံသာယာ ဝပြောဖို့၊ သဘာဝ တောတွေ ထိန်းသိမ်းစို့။



အပင်ရေလောင်းချိန်ကို အချိန်ကိုက် လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်း ကဲ့သို့အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကို ရေလောင်းပါ။



မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိဆောင်ရွက်ပါ။



ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

◆ *လူသားချင်းမှ*

မြန်မာနိုင်ငံအနေဖြင့် FATF မှ ချမှတ်ထားသည့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအမံ(Action Plan) ၁၅ ချက် အနက် ၁၃ ချက်အား ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး FATF က အများပြည်သူသို့ ထုတ်ပြန်ကြေညာချက်အား ၃၀-၁၀-၂၀၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီနှင့် ပြည်ပရောက် မြန်မာနိုင်ငံလုပ်သားများ၏ ငွေလွှဲပို့မှုများကို အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးသွားရန် အဖွဲ့ဝင်နိုင်ငံများသို့ တိုက်တွန်းကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျန်ရှိသည့် အချက် ၂ ချက်အား ပြီးပြတ်အောင် ဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုနှင့်တရားမဝင်ငွေကြေးစီးဆင်းမှုများကို ထိထိရောက်ရောက် တားဆီးရေး တိုက်တွန်းထားပါသည်။



အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ဦးဆောင်ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ FATF အဖွဲ့ဝင် နိုင်ငံကြီးများက ထောက်ခံဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၁-၁၁-၂၀၂၆)

❍*ရှေ့ဖုံးမှ*

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန် မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး ဖြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူရှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

မြန်မာ့အလင်း

နိုင်ငံတော်၏ စက်မှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျ ထိရောက်စွာအထောက်အကူပြုနိုင်မည့် စက်မှုကျွမ်းကျင်လူငယ်ပညာရှင်များကို အရည်အသွေးစံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ်မွေးထုတ်ပေး

နေပြည်တော် နိုဝင်ဘာ ၁

စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ)ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်၏ စက်မှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျ ထိရောက်စွာအထောက်အကူပြုနိုင်မည့် စက်မှုကျွမ်းကျင်လူငယ်ပညာရှင်များကို အရည်အသွေးစံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရန်၊ သင်တန်းသားများအား နိုင်ငံခြစ်စိတ်ပြည့်ဝစေရေးနှင့် သင်တန်းပြီးဆုံးချိန်၌ စက်မှုကျွမ်းကျင်မှုများဖြင့် နိုင်ငံတာဝန်များကို တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်နိုင်ရေး ပျိုးထောင်ပေးသွားရန်၊ သင်တန်းဆင်းလူငယ်များသည် စက်ရုံ၊ အလုပ်ရုံများ၊ MSMEs လုပ်ငန်းအသီးသီးတွင် ချက်ချင်းဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ လက်တွေ့လေ့ကျင့်မှုများကို ကျွမ်းကျင်ပိုင်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးသွားရန် တိုက်တွန်းမှာကြားပြီး ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။



ဆက်လက်၍ သင်တန်းကျောင်း စာကြည့်တိုက်၊ စက်ပစ္စည်းအစိတ်အပိုင်းများ ခုတ်စားခြင်းနှင့် ထုတ်လုပ်ခြင်းသင်တန်းခန်းမ၊ ကွန်ပျူတာသုံး ဒီဇိုင်းထုတ်လုပ်မှုသင်တန်းခန်းမ၊ လျှပ်စစ်ပညာသည် သင်တန်းခန်းမ၊ အီလက်ထရွန်နစ်ပညာသည် သင်တန်းခန်းမနှင့် သတ္တုရည်ကျိုပညာသည် သင်တန်းခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ)တွင် စက်မှုကျွမ်းကျင်ဘာသာရပ် ငါးမျိုးကို စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး စက်မှုကျွမ်းကျင် (၁)နှစ်သင်တန်း အမှတ်စဉ်(၁)မှ အမှတ်စဉ် (၁၅) ထိ သင်တန်းဆင်း ၁၇၂၀ ကို မွေးထုတ်ပေးခဲ့ကြောင်း၊ ၉၃ ဒသမ ၆ ရာခိုင်နှုန်းခန့်ကို အလုပ်အကိုင်များ ရရှိအောင် ဆောက်ရွက်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါ စက်မှုကျွမ်းကျင် (၁)နှစ်သင်တန်းကို အသက် ၁၈ နှစ်ပြည့်ပြီး ၂၅ နှစ်ထက် မကျော်လွန်သူ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ Grade 12 ကို အောင်မြင်ခြင်းမရှိသော်လည်း ဖြေဆိုပူးသူများအနေဖြင့် လျှောက်ထားတက်ရောက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရေသည် အသက်
ရေအသက်တစ်မနက်
မြေအောက်ရေကို ထိန်းသိမ်းပါ



သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ခွဲဝေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။



ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက် ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန် စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



ရေချိုးချိန်နှင့် နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ် အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

အဖိုးတန်ရေကို ချွေတာသုံးစွဲကြပါစို့

ဖြိုးဇင်



“ရေအသက် တစ်မနက် ထမင်းအသက် ခုနစ်ရက်”။

လူတို့သည် အစာမစားဘဲ တစ်လခန့် အသက်ရှင်နေနိုင်သော်လည်း ရေမသောက်ဘဲ ငါးရက် (အလွန်ဆုံး ရက်သတ္တပတ်) ထက်ပို၍ အသက်မရှင်နိုင်ကြပေ။ ထို့ကြောင့် ရေလိုအပ်နေသူတစ်ဦး ရေမရလျှင် ချက်ချင်းအသက်ဆုံးရှုံးနိုင်သဖြင့် **“ရေအသက်တစ်မနက် ထမင်းအသက် ခုနစ်ရက်”** ဟု ဆိုရိုးစကား ထွက်ပေါ်လာခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် သက်ရှိများ အသက်ရှင်သန်နိုင်ရန်အတွက် ရေကိုအဓိကလိုအပ်သည်။ ရေတွင် ကယ်လိုရီနှင့် အာဟာရဓာတ်များ မပါဝင်သော်လည်း လူသားများနှင့် သက်ရှိများအတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးသည် များစွာအရေးပါလျက်ရှိသည်။

ရေချိုရရှိနိုင်မှုမှာ ကမ္ဘာ့ရေအားလုံး၏ ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိ

ကမ္ဘာကြီး၏ မြေမျက်နှာပြင် ၇၁ ရာခိုင်နှုန်းခန့်သည် ရေများဖြင့် ဖုံးလွှမ်းနေပြီး ကမ္ဘာ့ရေအားလုံး၏ ၉၆ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို သမုဒ္ဒရာများက ပိုင်ဆိုင်ထားသည်။ သို့သော် သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သည့် ရေချိုရရှိနိုင်မှုမှာ ကမ္ဘာ့ရေအားလုံး၏ ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ ဆိုလိုသည်မှာ ကမ္ဘာကြီးတွင် ရေအများအပြားရှိသော်လည်း သောက်သုံးရန် ရေပမာဏမှာ လွန်စွာနည်းပါးနေသည်။

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံ အတော်များများ၌ သန့်ရှင်းသော သောက်သုံးရေ ရေချိုရရှိနိုင်မှုနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ ၁ ဒသမ ၇ ဘီလီယံသည် သန့်ရှင်းမှုမရှိသော၊ ရောဂါပိုးမွှားများပါဝင်သော၊ ညစ်ညမ်းသော ရေများကို သောက်ရေအဖြစ် အသုံးပြုခဲ့ရသဖြင့် ကမ္ဘာပေါ်တွင် နှစ်စဉ် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးသူ ၅၀၅၀၀၀ ခန့်ရှိကြောင်း သိရသည်။ ထို့အပြင် သန့်ရှင်းသောသောက်သုံးရေ မရရှိခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များအဖြစ် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ အရေပြားရောဂါများ၊ ရောဘက်ခန်းခြောက်သည့် နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများအပြင် ဂေဟစနစ်ပျက်စီးမှုများနှင့်လည်း ကြုံတွေ့နေရသည်။

လူသားများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရေးနှင့် နိုင်ငံများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပံ့ဖော်ရာတွင် ရေသယံဇာတ ရေရှည်တည်တံ့ရေးသည် အရေးကြီးသဖြင့် ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ၏ ပန်းတိုင်(၆)တွင် **“လူသားတိုင်း လက်လှမ်းမီရရှိသော သောက်သုံးရေနှင့် မိလ္လာစနစ် ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး”**နှင့် ပန်းတိုင်(၁၄)တွင် **“စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေချိုသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သည့် နည်းလမ်းများဖြင့် အသုံးပြုရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်”** ဟူ၍ ပါရှိသည်။

စီးပွားရေးနှင့် လူမှုရေးကဏ္ဍာတို့ကိုလည်း အထောက်အကူပြု

ထို့အပြင် ရေသည် သက်ရှိတို့အတွက် ကဏ္ဍာပေါင်းစုံနှင့် ချိတ်ဆက်နေသည်။ လူသားတို့အတွက် သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိပါက လူသားတို့၏ ကျန်းမာရေးကဏ္ဍာကို တိုးတက်လာစေမည်ဖြစ်သည်။ ကျန်းမာရေးကဏ္ဍာတိုးတက်လာသည့်အတွက် စီးပွားရေးနှင့် လူမှုရေးကဏ္ဍာတို့ကိုလည်း အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဟု ဆိုနိုင်သည်။ ပြည်တွင်းတွင် သဘာဝရေသယံဇာတဖြစ်သည့် ဇရာဝတီ၊ချင်းတွင်း၊ စစ်တောင်း၊ သံလွင်ဟူသည့် ရေချိုမြစ်ကြီး လေးစင်း၊ ယင်းမှ ခွဲဖြာစီးဆင်းသော မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တာတမံနှင့်ရေတွင်း၊ ရေကန်များစွာရှိပြီး ၎င်းတို့အားလုံးသည် မြန်မာ့ရေချိုအရင်းအမြစ်များပင်ဖြစ်သည်။ နိုင်ငံအတွင်း ရေအရင်းအမြစ်ပိုင်ဆိုင်မှုသည် အာဆီယံတွင် အဆင့်(၁)၊ အာရှတွင် အဆင့်(၅)ဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ ၈၁ ဒသမ ၇ ရာခိုင်နှုန်းသည် အခြေခံ(အနိမ့်ဆုံး) သောက်သုံးရေ ဝန်ဆောင်မှုမရရှိသော ရေကို အသုံးပြုနေကြရပြီး ၄၁ ဒသမ ၄ ရာခိုင်နှုန်းသည်သာ သန့်ရှင်းပြီး ဘေးကင်းစိတ်ချရသော သောက်သုံးရေဝန်ဆောင်မှုကို အသုံးပြုနေကြောင်း သိရသည်။

မကြာမီကာလတွင် ပူပြင်းခြောက်သွေ့မှုများ ဖြစ်ပေါ်လာနိုင်သည်ဖြစ်ရာ နိုင်ငံတစ်ဝန်း ရေရှားပါးမှု အခက်အခဲကို ကြုံတွေ့ကြရမည်ဖြစ်သည်။ အချို့ဒေသများတွင် ရေတွင်း၊ ရေကန်များမှ ရေများ ခန်းခြောက်ကာ သန့်ရှင်းသော သောက်သုံးရေကို သုံးစွဲခွင့်မရကြောဘဲ ပရဟိတအဖွဲ့များက လှူဒါန်းမည့် ရေအလှူရှင်များကိုသာ အားကိုးနေကြရမည့် ဒေသများလည်းရှိသည်။

ရေအလုံအလျဉ်စနစ်ဖြင့် သီးနှံများ စိုက်ပျိုးကြရ

အချို့ အပူပိုင်းဒေသများတွင် စိုက်ပျိုးရေးအတွက် ဆည်မြောင်းများမှရေကို အဓိကအားထား၍ လုပ်ကိုင်ကြသော်လည်း ပူပြင်းခြောက်သွေ့၍ ရေပေးဝေမှု အားနည်းချိန်တွင် ရေအလုံအလျဉ်ကျပေးသည့် စနစ်ဖြင့် သီးနှံများ စိုက်ပျိုးကြရသည်။ ရေရရှိမှု နည်းပါးသည့်အခါ စိုက်ပျိုးရေးထွက်ကုန်အားနည်းခြင်း၊ သီးနှံအရည်အသွေးမပြည့်မီခြင်းနှင့် ရောင်းပန်းမလှခြင်းတို့ကြောင့် တောင်သူများ အခက်အခဲများနှင့် ရင်ဆိုင်ကြရလေ့ရှိသည်။ ထို့ပြင် စိုက်ခင်းများ၌ ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်း၊ ပိုးသတ်ဆေးများ အလွန်အကျွံ သုံးစွဲခြင်းတို့ကြောင့် ရေအောက်ရှိ သတ္တဝါများ၊ မြေဆီပေါ်ရှိ သတ္တဝါများ သေကျေပျက်စီးသဖြင့် ဂေဟစနစ်များ ပျက်စီးခြင်း၊ မြေအောက်ရေ ပျက်စီးခြင်းများသည်လည်း ရေရှားပါးမှုဖြစ်လာရန် အကြောင်းတရားများပင်ဖြစ်သည်။

ယင်းအပြင် စိုက်ပျိုးရေးအတွက် အဓိက လိုအပ်သည့် ရေကိုရယူရာတွင် ချောင်းပိတ်၊ မြောင်းပိတ်၊ မြစ်ရေတင်လုပ်ငန်းများဖြင့် ရယူရခြင်းများလည်း ရှိရာ အချို့ဒေသများ၌ ရေအရင်းအမြစ်နှင့် ဝေးကွာသဖြင့် ရေအလဟဿသုံးစွဲမှုများလည်း ဖြစ်ပေါ်နေသည်။ ထို့ကြောင့် စိုက်ပျိုးရေသုံးစွဲမှုများ စနစ်တကျဖြစ်အောင်၊ မျှတစွာရရှိအောင်၊ လေလွင့်ပြန်တီးမှုနည်းပါးစွာဖြင့် အကျိုးရှိစွာ သုံးစွဲနိုင်အောင်၊ ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုးနိုင်အောင် သက်ဆိုင်ရာဌာနများက အသိပညာပေးခြင်း၊ နည်းပညာမျှဝေခြင်းများ ထိရောက်စွာ ပြုလုပ်ကြရန်လိုသလို စိုက်ပျိုးရေးအတွက် မရှိမဖြစ်သော ရေကို စိုက်ပျိုးရေးကပင် မဖြန်းတီးမိစေရန် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတိုင်းက သတိချပ်သင့်သည်။

မိုးခေါင်ရေရှား ပြဿနာများကို ကြိုတင်ကာကွယ်

ရေဆုံးရှုံးမှု ကာကွယ်နိုင်စေရန်အတွက် Organic Farm များ တည်ထောင်ခြင်း၊ ရေလေလွင့်မှုမရှိအောင် နည်းပညာအသုံးပြုထားသည့် ရေဆိုးပြန်လည်သုံးစွဲသည့် စနစ်များကျင့်သုံးခြင်း၊ ပိုးသတ်ဆေးနှင့်မြေဩဇာများ မလိုအပ်ဘဲမသုံးစွဲခြင်း စသည့် နည်းလမ်းများဖြင့် ရေအသုံးပြုမှုကို ကန့်သတ်သင့်ကြောင်း ရေပညာရှင်များက ဆိုကြသည်။ ထို့အတူ ရေဝေရေလဲဒေသများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်တောနှင့် သစ်ပင်များကို ခုတ်ထွင်ခြင်းမပြုရန်နှင့် ဂေဟစနစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းတို့ဖြင့် မိုးခေါင်ရေရှား ပြဿနာများကို မကြုံတွေ့စေရန် ကြိုတင်ကာကွယ်ထားသင့်သည်။

ထို့အပြင် မိမိတို့နိုင်ငံတွင် ရေအားကို အဓိကထား၍ လျှပ်စစ်မီးကို ရယူနေကြသည်ဖြစ်ရာ ရေအားလျော့နည်းချိန်တွင် လျှပ်စစ်လုံလောက်စွာ မထုတ်လုပ်နိုင်။ ထို့ကြောင့် လျှပ်စစ်ထုတ်လုပ်ရာ ဒေသများရှိ ရေလှောင်ကန်များ၊ ရေပေးဝေရာ နေရာများတွင် ရေအဝင်နည်းသည့်အခါ လျှပ်စစ်ထုတ်လုပ်ရာတွင်လည်း အခက်အခဲဖြစ်နိုင်သလို မြို့ပြနေပြည်သူများအဖို့ ရေတင်ရဖို့ အရေးပင် အတော်ပင် အခက်အခဲဖြစ်ကြရသည်။

မြို့ပေါ်ဒေသများအတွက် မိမိတို့အိမ်အရောက် ရေကောင်းရေသန့်များရရှိရေး၊ ကျေးလက်ဒေသများအတွက် စိုက်ကွင်းများအရောက် စိုက်ပျိုးရေရရှိရေးတို့ကို နိုင်ငံတော်က ငွေကြေးအမြောက်အမြားအကုန်အကျခံကာ ဆောင်ရွက်ပေးထားသည်။ မိမိ၏အမှတ်တမဲ့ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အသိပညာနည်းမှုကြောင့်ဖြစ်စေ ရေလေလွင့်ဆုံးရှုံးမှုများဖြစ်ပေါ်တိုင်း ကမ္ဘာပေါ်တွင် လူဦးရေများစွာ မိမိတို့ကဲ့သို့ ရေသုံးစွဲခွင့်မရခြင်းကိုလည်းကောင်း၊ သန့်ရှင်းသော သောက်သုံးရေ မရရှိသဖြင့် ဝမ်းရောဂါများဖြင့် နှစ်စဉ် ကလေးငယ်များ သေဆုံးနေရမှုကို လည်းကောင်း အမှတ်ရမြင်ယောင်ကာ ရေကို ချွေတာသုံးစွဲသင့်ပါသည်။

“မြို့ပေါ်ဒေသများအတွက် မိမိတို့အိမ်အရောက် ရေကောင်းရေသန့်များရရှိရေး၊ ကျေးလက်ဒေသများအတွက် စိုက်ကွင်းများအရောက် စိုက်ပျိုးရေရရှိရေးတို့ကို နိုင်ငံတော်က ငွေကြေးအမြောက်အမြားအကုန်အကျခံကာ ဆောင်ရွက်ပေးထားသည်။ မိမိ၏အမှတ်တမဲ့ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အသိပညာနည်းမှုကြောင့်ဖြစ်စေ ရေလေလွင့်ဆုံးရှုံးမှုများဖြစ်ပေါ်တိုင်း ကမ္ဘာပေါ်တွင် လူဦးရေများစွာ မိမိတို့ကဲ့သို့ ရေသုံးစွဲခွင့်မရခြင်းကိုလည်းကောင်း၊ သန့်ရှင်းသော သောက်သုံးရေ မရရှိသဖြင့် ဝမ်းရောဂါများဖြင့် နှစ်စဉ် ကလေးငယ်များ သေဆုံးနေရမှုကို လည်းကောင်း အမှတ်ရမြင်ယောင်ကာ ရေကို ချွေတာသုံးစွဲသင့်ပါသည်”

ရေအရင်းအမြစ် ရှားပါးချိန်များတွင် စိုက်ပျိုးရေးအတွက် ရေမလုံလောက်မှုများ မဖြစ်ပေါ်စေရန် အစက်ချရေသွင်းစနစ်အသုံးပြုခြင်း၊ အချိန်ကိုက် ရေသွင်းစနစ်များ အသုံးပြုခြင်း၊ ရေတံခါးခံနိုင်သော အပင်များ ရွေးချယ်စိုက်ပျိုးခြင်း၊ အခြောက်စိုက်ပျိုးခြင်းနည်းလမ်းများ၊ သဘာဝမြေဩဇာများ အသုံးပြုခြင်း၊ *စာမျက်နှာ ၇ သို့*





(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးဂုဏ်ဆောင် "သဘင်မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့က "ဝိဓူရ" ဇာတ်တော်ကြီး ကပြဖျော်ဖြေ

ရန်ကုန် နိုဝင်ဘာ ၁

နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးဂုဏ်ဆောင် "သဘင်မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့က သမားစည်နှင့်အညီ ကပြဖျော်ဖြေတင်ဆက်သည့် "ဝိဓူရ" ဇာတ်တော်ကြီး တင်ဆက်မှုကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့်ပွဲသည်တော်များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများနှင့် တာဝန်ရှိသူများက တက်ရောက်အားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တင်ဆက်ကပြဖျော်ဖြေရာတွင် "ဝိဓူရ" ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာသမားစည်နှင့်အညီ ဘုရားကန်တော့ခန်းနှင့် ဇာတ်တော်ကြီး သမားစဉ် အပျိုတော်ထွက်ခန်းတို့ဖြင့်အစပျိုးပြီး ဇာတ်တော်လာ အခန်းကဏ္ဍအလိုက် အနုပညာရှင်များက မြိုင်မြိုင် ဆိုင်ဆိုင် ထိထိမိမိဖြင့် ကျရာဇာတ်ရုပ်အလိုက် ဇာတ်ကွက်ပိုင်နိုင်စွာ တင်ဆက်ကပြ ဖျော်ဖြေခဲ့သည်။

ဇာတ်တော်ကြီး ကပြဖျော်ဖြေတင်ဆက်မှုအပြီးတွင် တက်ရောက်လာကြသူများက ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

မကွေး နိုဝင်ဘာ ၁

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး/ခရိုင်/မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများသည် ယမန်နေ့နံနက်ပိုင်းက မကွေးမြို့ရှိ တိုင်းပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင် သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့စုပေါင်းသွေးလှူဒါန်းမှုကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြပြီး အားဆေးနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူဒါန်းထားသော သွေးအိတ်များအား ဆေးရုံအုပ်ကြီးထံပေးအပ်လှူဒါန်းပြီး ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)သို့ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)သို့ ယနေ့နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြသည်။

ဦးစွာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို မော်ကွန်းတိုက်တာဝန်ရှိသူက မော်ကွန်းတိုက်၏သမိုင်းကြောင်းနှင့် ထိန်းသိမ်းထားသည့် မှတ်တမ်းများ၊ အထောက်အထားများ၊ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းမှုနည်းပညာများနှင့် ဝန်ဆောင်မှုများပေးနေသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် သုတေသီရည်ညွှန်းစာဖတ်ခန်း၊ Digitization ခန်း၊ Microfilm ရိုက်ကူးခန်း၊ မှတ်တမ်းမော်ကွန်းပြုပြင်ထိန်းသိမ်းခန်းနှင့် မော်ကွန်းပြတိုက်တို့ကို လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းပြသခြင်းအပေါ် သိလိုသည်များကို အခန်းအလိုက်မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ရှင်းလင်းပြသထားသည့် အထောက်အထားများကို အခြေခံထားသည့် ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ရာ မော်ကွန်းတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။

အဆိုပါလေ့လာရေးခရီးစဉ်များကို ရန်ကုန်တိုင်းဒေသကြီးပညာရေးဗျူးရုံးမှ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ အခြေခံပညာအထက်တန်းကျောင်း ၁၅ ကျောင်းမှ ကျောင်းသား ကျောင်းသူများသည် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)သို့ အပတ်စဉ် ၈ နေ့၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် လေ့လာရေးသွားရောက်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



▲ *ကျောဖုံးမှ*

ရတနာပုံအသင်းကို အနိုင်ရထားသဖြင့် ယနေ့ပွဲစဉ်သည် ဒုတိယမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ AYA Pay အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက် ဂိုးသမား နေလင်းထက်က ရရှိခဲ့သည်။

သီဟဒိပကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် စစ်ကိုင်းယူနိုက်တက် အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ပွဲချိန် ၁၄ မိနစ်တွင် အိုင်ဆက်ကွမ်ဆာက ဦးဆောင်ဂိုးရယူပေးခဲ့ပြီး ၈၇ မိနစ်တွင် စည်သူဖြိုးက အနိုင်ဂိုး သွင်းယူပေးခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ချေပဂိုးကို မိနစ် ၉၀ တွင် ရဲကောင်းဆက်က သွင်းယူခဲ့သည်။ AYA Pay အကောင်းဆုံးကစားသမားဆုကို စစ်ကိုင်းယူနိုက်တက် ဂိုးသမား အောင်ကိုလတ်က ရရှိခဲ့သည်။

အပတ်စဉ်(၆) ပြိုင်ပွဲများအပြီးတွင် အဆင့်(၁)၌ ရန်ကုန်စီးတီးက ၁၄ မှတ်၊ ဒဂုံစတားက ၁၃ မှတ်၊ ရတနာပုံနှင့် ရှမ်းယူနိုက်တက်တို့က ၁၀ မှတ်စီ၊ ရန်ကုန်ယူနိုက်တက်က ၉ မှတ်၊ ISPE အသင်း၊ ဟံသာဝတီယူနိုက်တက်နှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့က ၇ မှတ်စီ၊ သစ္စာအားမာန်က ၅ မှတ်၊ ချင်းလန်းက ၄ မှတ်၊ ဧရာဝတီယူနိုက်တက်က ၃ မှတ်နှင့် မြဝတီအသင်းက ၁ မှတ် ရရှိခဲ့သည်။

အပတ်စဉ် (၆)ပြိုင်ပွဲများ ပြီးဆုံးခဲ့သော်လည်း ရွှေဆိုင်းပွဲစဉ်များ ရှိသည့်အတွက် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့က လေးပွဲစီသာ ကစားရသေးပြီး ISPE၊ ဟံသာဝတီယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်နှင့် မြဝတီအသင်းတို့က ငါးပွဲစီသာ ကစားရသေးသည်။

နေမျိုး၊ ဓာတ်ပုံ–ML

စာမျက်နှာ ၆ မှ

အော်ဂဲနစ်သီးနှံများစိုက်ပျိုးခြင်းနှင့် ရေသိုလှောင်ကန်များထားရှိခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

ထို့အပြင် တစ်ဦးချင်းမဟုတ်သည့် အစိုးရဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများတွင်လည်း ရေသုံးစွဲမှုလျော့နည်းကာ အလေအလွင့်မရှိစေရေးအတွက် ဌာနဆိုင်ရာအလိုက် အသိပညာများဖြန့်ဝေခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းတို့ဖြင့် ရေအရင်းအမြစ်များ မဆုံးရှုံးစေရန် ကာကွယ်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ကမ္ဘာပေါ်တွင် လူတိုင်းရေချိုးသည့်အခါ အလေအလွင့်မရှိစေရေး ထိန်းသိမ်းလုပ်ဆောင်ပါက တစ်မိနစ်လျှင် ရေဂါလန်သန်း ၅၀၀ သက်သာစေသည်ဟု ကျွမ်းကျင်သူများက ဆိုကြသည်။

နိုင်ငံတော်အနေဖြင့် ရေရှားပါးသည့် ဒေသများတွင် သောက်သုံးရေအတွက် စိမ့်မြစ်ရေသွယ်တန်းပေးခြင်း၊ အဝေးစိတ်ဝင်းများတွေးဖော်ပေးခြင်း၊ ဆည်တာတမံများဆောက်လုပ်၍ ထိန်းသိမ်းပေးခြင်း၊ မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်ပေးခြင်း၊ မြေအောက်ရေထိန်းတာတမံများ ဆောက်လုပ်ပေးခြင်း၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေး လုပ်ငန်းများ အပါအဝင် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး၊ ရေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး၊ မြစ်ချောင်းအင်းအိုင်ကန်များ စသည့်ရေအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက နည်းလမ်းမျိုးစုံဖြင့် စီစဉ်ဆောင်ရွက်ပေးလျက် ရှိနေသည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုများနှင့် ရေဆိုင်ရာ အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရန် အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေး ဗဟိုကော်မတီ၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၊ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီတို့ကို စနစ်တကျဖွဲ့စည်းထားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေသယ်ဇာတ ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်က အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိနေပါသည်။

မြန်မာတို့၏ ရိုးရာစကားပုံတွင် **"ရွှေကိုမလို ရေကိုသာလိုသည်"**ဟု ဆိုရိုးတစ်ခုရှိသည်။ မိုးခေါင် ရေရှားအရပ်ဒေသရှိ ကျေးလက်ဒေသမှ ပြည်သူများအတွက်မူ အဖိုးတန်ရွှေကို မလိုအပ်ဘဲ ရွှေထက် တန်ဖိုးကြီးသည့် ရေသယ်ဇာတကိုသာ လိုချင်ကြောင်း ညွှန်ဆိုထားခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် ငွေရှိလျှင်တောင်မှ ရေကိုဝယ်၍ မရနိုင်သော ဒေသများလည်း ရှိနေသည်။ ထို့ကြောင့် ပြည်သူတိုင်း သန့်ရှင်းသော ရေသုံးစွဲနိုင်ရေး ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိသလို ပြည်သူတစ်ဦးချင်းစီတိုင်းကလည်း ရှိရင်းစွဲ ရေသယ်ဇာတများကို မြိုးဖြိန်ချွေတာသုံးစွဲခြင်းဖြင့် ရေသယ်ဇာတကို ပူးပေါင်းပါဝင်ထိန်းသိမ်းရာရောက်သလို မိမိတို့အတွက် အရေးပါလွန်းလှသည့်ရေကို မိမိမှစ မိသားစု၊ အဖွဲ့အစည်း၊ ရပ်ရွာ/မြို့နယ်အလိုက် ထိန်းသိမ်းချွေတာသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



၂၃၀ ကေဗွီ တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်းပြုပြင်ခြင်း လုပ်ငန်းခွင်သို့ တိုက်ခိုက်သည့် FPV Drone ၏ မှတ်တမ်းပုံ။



၂၃၀ ကေဗွီ တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများ၏ FPV Drone ဖြင့် တိုက်ခိုက်မှုကြောင့် Wheel Loader ၏ ပျက်စီးခဲ့မှုမှတ်တမ်းပုံ။



အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်း ၂၃၀ ကေဗွီ ပျက်စီးခဲ့သည့် မှတ်တမ်း ဓာတ်ပုံ။

❑ *ကျောဖုံးမှ*

အဆိုပါ ၂၃၀ ကေဗွီတောင်ငူ – သာယာကုန်း ဓာတ်အားလိုင်းသည် မြန်မာပြည်အထက်ပိုင်းရှိရေအားလျှပ်စစ်စက်ရုံများမှ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာပြည်အောက်ပိုင်းရှိ ဓာတ်အားသုံးစွဲနေသော ပြည်သူများထံသို့ ဓာတ်အားပို့လွှတ်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆိုပါဓာတ်အားလိုင်းရှိ တာဝါတိုင်များအား ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၀၂၄ ခုနှစ်၊ ဧန်နဝါရီ ၃ ရက်နှင့် ဧန်နဝါရီ ၂၃ ရက်တို့တွင် အကြမ်းဖက်သမားများ၏ အကြမ်းမဲကြိမ် ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် နေရာများစွာတွင် ပျက်စီးခဲ့ရကြောင်း သိရှိရသည်။

အဆိုပါ ပျက်စီးနေသည့် တာဝါတိုင်များကို ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်သမားများက ယခုကဲ့သို့ FPV Drone များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါတိုက်ခိုက်မှုကြောင့် စက်ကိရိယာ၊ယန္တရားများပျက်စီးခဲ့ကြောင်း၊ ဆက်လက်၍ အဆိုပါဓာတ်အားလိုင်းကို အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစား ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် ဓာတ် အားလိုင်း ပြုပြင်ပြီးစီးပါက မဂ္ဂါဝပ် (၂၀၀) ရရှိသည်။ ခန့် ပိုမိုရိုလွတ်နိုင်မည်ဖြစ်ကြောင်း သတင်း ၁၀၀



အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်း ၂၃၀ ကေဗွီ ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။

✪ *ကျောဖုံးမှ*

အရှေ့တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၄၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။


ဆိုင်ကလုန်းမုန်တိုင်း“မူရားစု”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။


ဆိုင်ကလုန်းမုန်တိုင်း“မူရားစု”၏
တည်နေရာ၊ ဗဟိုချက်လေဖိအား‌နှင့် လေတိုက်နှုန်း

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း“မူရားစု”သည် ညနေ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၂ ဒသမ ၁ ဒီဂရီနှင့် အရှေ့ လောင်ဂျီကျူ ၈၅ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်နှုန်းခန့် ဖြစ်သည်။

နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း“မူရားစု”သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းဒဏ္ဍ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့ ရောက်ရှိနိုင်ပြီး နိုဝင်ဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေကို နယ်လိုရီမြို့နှင့် နာစာပါမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။





သတိပေးနှိုးဆော်ချက်

ဆိုင်ကလုန်းမုန်တိုင်း“မူရားစု”၏အရှိန်ကြောင့် ယနေ့ညနေမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃နှစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “မူရားစု”၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/၈လ

■ *ကျောဖုံးမှ*

ယာမာလ်သည် မကြာသေးမီက ကျင်းပခဲ့သည့် ဘလွန်းဒီအော်ဆုပေးပွဲတွင် တတိယအကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခြင်းခံထားရသူ ဖြစ်သည်။ ထို့အပြင် ၎င်းသည် အဆိုပါ ဆုပေးပွဲတွင် အကောင်းဆုံးလူငယ်ကစားသမားဆုကိုလည်း ဆွတ်ခူး ရရှိထားသူဖြစ်သည်။

အလာဗက်စအသင်းသည် ပွဲချိန်အများစုတွင် ဘာစီလိုနာအသင်း၏ ဖိအားပေးကစားမှုအောက် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး တန်ပြန်တိုက်စစ်မှ အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိမှုကြောင့် နိုင်ပွဲ ၁၀ ပွဲနှင့်အတူ ရမှတ် ၃၀ ဖြင့် ဒုတိယနေရာမှ အက်သလက်တီကို မက်ဒရစ်အသင်းထက် နှစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကိုဦးဆောင်နိုင်ခဲ့သည်။ပြိုင်ဘက်အလာဗက်စ် အသင်းက ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် လာလီဂါတွင် ရှုံးပွဲ ငါးပွဲရှိလာပြီ ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် အက်စ်ပန်ညိုက ဗီလာရီးရဲကို တစ်ဂိုး-ဂိုးမရှိ၊ အက်သလက်တီကို မက်ဒရစ်က လီမန်တေးကို နှစ်ဂိုး-ဂိုးမရှိ ဗယ်လက်ကာနိုက ဆဲလ်တာဗီဂိုကို သုံးဂိုး-ဂိုးမရှိ ဘက်တစ်က မာလာဂါကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့သည်။

အောင်ဇော်

(၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှကဗိုင်းကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

ဘားအံ နိုဝင်ဘာ ၁

(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လှိုင်းဘွဲမြို့နယ် ဥဒေါင်းကျေးရွာအုပ်စု လှကဗိုင်းကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းဒ္ဍ ကျင်းပသည်။

အဆိုပါလမ်းကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

လမ်းသစ်ကို ကရင်ပရိယတ္တိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင် ပါဝင်သည့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ကြကာ ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ အမှတ်(၄)ရပ်ကွက် သီရိကွင်းမုခ်ဦးရှေ့၌ ကျင်းပသည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် အမျိုးသား/အမျိုးသမီးဖိတ်ခေါ် (Road Bike) စက်ဘီးပြိုင်ပွဲသို့ တက်ရောက်ကြသည်။

အဆိုပါပြိုင်ပွဲကို အမျိုးသားအသက် ၄၀ အောက် ပြိုင်ပွဲ၊ အမျိုးသားအသက် ၄၀ အထက် ပြိုင်ပွဲနှင့် အမျိုးသမီးအလွတ်တန်းပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား သုံးမျိုးခွဲ၍ ကျင်းပခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ တနင်္သာရီ၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ စက်ဘီးအားကစားသမားပေါင်း ၂၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



ပြိုင်ပွဲကို ပြည်နယ်လူမှုရေးရာဝန်ကြီးက သေနတ်ပစ်ဖောက်တာလွှတ်ပေးရာ ပြိုင်ပွဲဝင်များက ပြိုင်ပွဲအလိုက် ပါဝင်ယှဉ်ပြိုင်ကြပြီး သီရိကွင်းမုခ်ဦးရှေ့သို့ ပြန်လည်ပန်းဝင်လာမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့၊ စက်ဘီးအားကစား ဝါသနာရှင်များက ဂုဏ်ပြုကြိုဆိုကြကာ ဆုများ ပေးအပ်ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ

စဉ့်ကူး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု ကျည်တောက်ပေါက် ကျေးရွာ၌ ၁၆ ခုတင်ဆံ့ ကျည်တောက်ပေါက် တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ သပိတ်ကျင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးနိုင်အေး၊ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ စဉ့်ကူးမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်းတင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းနိုင်၊ ဗိုလ်မှူး မင်းထက်အောင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်သိန်းဦး၊ သုဇနသဟာယ ဘိုးဘွားရိပ်သာဆရာတော် ဦးတေဇနိယတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တာဝန်ရှိသူများက ဆေးရုံတွင် ဆေးကုသမှုခံယူနေသည့် လူနာများအား အားပေးစကားများ ပြောကြားသည်။



ထို့နောက် ကြက်ဥ၊ ကွေကာနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံအတွင်း ဆေးကုသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုရှု လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။ မြို့နယ်(ပြန်/ဆက်)



ဇလွန်မြို့၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး (ဆင့်ပွား)သင်တန်းဖွင့်

ဇလွန် နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး (ဆင့်ပွား)သင်တန်းကို အောက်တိုဘာ ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလေးမွန်ကြည်က အိမ်မွေးတိရစ္ဆာန်များနှင့် စီးပွားရေးအရအရေးပါသော တိရစ္ဆာန်များ၏ ကောင်ရေစာရင်းကို အတိအကျရရှိရန်၊ ကောက်ယူရရှိသော တိရစ္ဆာန်ကောင်ရေစာရင်းများအပေါ် အခြေပြု၍ တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံစီးပွားရေးအထောက်အကူပြု တိရစ္ဆာန်ကောင်ရေစာရင်းများ ကောက်ယူရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းသို့ ရပ်ကွက် /ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ CAHW ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်အနီးရှိ ကုန်သိုလှောင်ရုံများအား မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

တမူး နိုဝင်ဘာ ၁

ပွင့်လင်းရာသီရောက်ရှိလာပြီ ဖြစ်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ယနေ့ နံနက် ၉ နာရီက တမူးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြန်မာ-အိန္ဒိယနယ်စပ် အမှတ်(၁) စစ်ဆေးရေးဂိတ်အနီးရှိ နယ်စပ်ကုန်သည်ကြီးများ အသင်းပိုင် ကုန်သိုလှောင်ရုံများကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ရတနာ (တမူး)

စလင်းမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

စလင်း နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး စလင်းမြို့မြင်တင်ရပ်ကွက် ရှင်ပင်ရွှေပြည် အေးဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြသည်။



စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ပြည်ထဲရေးဝန်ကြီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘုရားဖူးလာသူများ ဘုရားဝင်းအတွင်း အမြင်တင့်တယ်လှပစေပြီး စိတ်ကြည်နူးချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်စေရန် ရည်ရွယ်၍ ရှင်ပင်ရွှေပြည်အေးမြတ်စွာဘုရား ဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များ၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် အမှိုက်များ စနစ်တကျ ကောက်ယူစွန့်ပစ်ခြင်း လုပ်ငန်းများကို စုပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသည်။

မောင်လွင်(စလင်း)

မန္တလေးမြို့ရှိ စက်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

မန္တလေး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအရှေ့ရပ်ကွက် ၈ လမ်းနှင့် လမ်း ၈၀ ကြားရှိ Mandalay Beer စက်ရုံနှင့် Mandalay Rum စက်ရုံတို့၌ ပူပြင်းခြောက်သွေ့ပြီး အယ်လ်နီညိုဖြစ်စဉ် ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများ လျော့နည်းကျဆင်းစေရေး အတွက် အောက်တိုဘာ ၃၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးပြီး တပ်ဆင်ထားရှိသည့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်အသုံးပြုနိုင်သည့်အနေအထား ရှိ/မရှိ တို့ကို စစ်ဆေးအကြံပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ချောက်မြို့နယ်၌ ချည်မျှင်ရှည်ဝါစိုက်ပျိုးသော တောင်သူများအား ချေးငွေထုတ်ချေး



ချောက် နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ နိုင်ငံစီးပွားဖြစ်တင်ရေး ရန်ပုံငွေဖြင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးသော တောင်သူများအတွက် ချေးငွေ ထုတ်ချေးပေးလျက်ရှိရာ အောက်တိုဘာ ၂၉ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး၌ အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေများ ထုတ်ချေးပေးသည်။

အဆိုပါ ချေးငွေထုတ်ချေးပေးရာတွင် ချောက်မြို့နယ်အတွင်းရှိ ချည်မျှင်ရှည်ဝါစိုက်ပျိုးသော ကျေးရွာအုပ်စု လေးအုပ်စုမှ ဝါစိုက်တောင်သူ ၃၀ ၏ ဝါစိုက်ဧက ၉၀ အတွက် ချေးငွေကျပ် ၂၇ သန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူတို့က ချည်မျှင်ရှည်ဝါစိုက်တောင်သူများအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျော်မိုး (ပြန်/ဆက်)



ဆရာတော်သံဃာတော်များအား သာသနာ့နှယ်ဝင်စီစစ်ရေးကတ်နှင့် UID ကတ် ဆက်ကပ်နိုင်ရေးဆောင်ရွက်

တံတားဦး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ ဆရာတော်သံဃာတော်များအား သာသနာ့နှယ်ဝင်စီစစ်ရေးကတ်နှင့် UID ကတ်ပြား ဆက်ကပ်နိုင်ရေးအတွက် တံတားဦးမြို့နယ် ပန်းယကျေးရွာ စိန်ဖူးဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့က တံတားဦးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမျိုးသန့်၊ မြို့နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းဦးနှင့် ဝန်ထမ်းများက ဆရာတော်သံဃာတော်များအား သာသနာ့နှယ်ဝင်စီစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် Biometric data များ စီစစ်ကောက်ယူပြီး မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေနှိပ်ခြင်းနှင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်း၍ UID နံပါတ်ကတ်များ ဆောင်ရွက်ပေးကြသည်။ တံတားဦးမြို့နယ်အတွင်းတွင် ဆရာတော် သံဃာတော် စုစုပေါင်း ၇၅၂ ပါး ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ရာ ယနေ့အချိန်ထိ ဆရာတော်သံဃာတော် စုစုပေါင်း ၃၃၆ ပါး ပြုလုပ်ပြီးစီး ဆက်ကပ်လျှဒါန်းခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

ပြည်ကြီးတံခွန်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီအသိပညာပေး ဟောပြောပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး ကော်မတီက ကြီးမှူး၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို အောက်တိုဘာ ၃၀ ရက်က ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလှုမှုရေးရာဝန်ကြီး ဦးလှကြွယ်က အမှာစကားပြောကြားသည်။

အသိပညာပေးဟောပြော

ဆက်လက်၍ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကော်မတီ အတွင်းရေးမှူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောရှင်းလင်းခဲ့သည်။

ယင်းနောက် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးကော်မတီ စောင့်ကြည့်အကဲဖြတ် စီစစ်ရေးလုပ်ငန်း ကော်မတီနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ ဥပဒေရေးရာလုပ်ငန်းကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကော်မတီတို့မှ တာဝန်ရှိသူများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ကျောက်မဲ၌ မြို့နယ်ပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ကျောက်မဲ နိုဝင်ဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် အမျိုးသားအားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အေရိုးဗစ် ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းပြိုင်ပွဲတွင် နောင်ချိုမြို့နယ်အသင်း၊ သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် သိပေါမြို့နယ်အသင်း၊ ကိုးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် ကျောက်မဲမြို့နယ်အသင်းတို့က ပထမဆုများ ရရှိခဲ့ကြကာ ဆုရရှိသည့်အသင်းများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ကြသည့် အသင်းများနှင့် အားကစားသမားများသည် ကျောက်မဲခရိုင်ကိုယ်စားပြုအဖြစ် တောင်ကြီးမြို့၌ ကျင်းပမည့် ပြည်နယ်အဆင့် အေရိုးဗစ်ပြိုင်ပွဲသို့ ဆက်လက်သွားရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မိုးညှင်းမြို့နယ်၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေး

မိုးညှင်း နိုဝင်ဘာ ၁

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး အတွက် အသိပညာပေးဆွေးနွေးခြင်းကို ယနေ့နံနက်မိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်နှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိကျေးရွာများတွင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် အသိပညာပေးခြင်း၊ သတိပေးနှိုးဆော်ချက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ရေရှားပါးပြတ်လပ်နိုင်မှုအတွက် အသိပေးနှိုးဆော်ချက် ဗီနိုင်းဆိုင်းဘုတ်စိုက်ထူခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိနေသည့်ကျေးရွာများကို အသိပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ရွှေမိုးညှင်း

အောက်တိုဘာလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်

စဉ်	စခန်းအမည်	စံချိန်သစ် တင်သည့် ရက်စွဲ	အမြင့်ဆုံးအပူချိန် စံချိန်သစ်		ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ	အမြင့်ဆုံးအပူချိန် စံချိန်ပေါင်း		စခန်းဖွင့် သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း
			ဒီဂရီ ဆဲလ်စီးယပ်	ဒီဂရီ ဖာရင်ဟိုက်		ဒီဂရီ ဆဲလ်စီးယပ်	ဒီဂရီ ဖာရင်ဟိုက်	
၁	မုဒုံ	၃၁-၁၀-၂၀၂၆	၃၇.၃	၉၉.၁	၂၈-၁၀-၁၉၉၈	၃၇.၁	၉၈.၈	၄၆

မိုး/ဇလ

တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။

မြန်မာ့စီးပွားရေး မောင်းနှင်အားသစ်ဖြစ်လာမည့် ခေတ်မီဝါစိုက်ပျိုးရေး

ရွှေရောင်ဝင်းလက်နေသော နေခြည်နုနုသည် အညာဒေသ၏ ခြောက်သွေ့သော လေပြည်နှင့်အတူ ကျယ်ပြောလှသော ဝါခင်းပြင်ကြီးပေါ်သို့ ဖြာကျနေသည်။ ဖွေးခနဲ၊ ဖြူခနဲ ပွင့်အာနေသော ဝါပွင့်လေးများသည် အဝေးမှလှမ်းကြည့်လျှင် မြေကတ္တီပါစိမ်းပေါ်တွင် ဆီးနှင်းပွင့်များ ကြွေကျနေသည့်အလား မျက်စိပသာဒဖြစ်ဖွယ်ရာ တွေ့မြင်ရပေမည်။ ဤဖြူလွလွ ဝါပွင့်လေးများသည် မြန်မာ့လယ်ယာကဏ္ဍအတွက် အလှတရားသက်သက်မျှသာမဟုတ်ဘဲ နိုင်ငံ၏လူမှုစီးပွားဘဝကို လက်တွေ့ကျကျ ပြောင်းလဲပေးနိုင်စွမ်းရှိသော၊ တိုင်းပြည်၏စီးပွားရေးယန္တရားကို အားကောင်းကောင်းဖြင့် လည်ပတ်စေမည့် “ရွှေဖြူ” (White Gold) များပင် ဖြစ်ကြပေသည်။

လူသားတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး (၃) ရပ်တွင် စားရေရိက္ခာပြီးလျှင် ဝတ်ဆင်ရေးသည် ဒုတိယအရေးကြီးဆုံးဖြစ်၏။ မိမိတို့နိုင်ငံ၏ အဓိကအခြေခံအကျဆုံး သက်မွေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ရာ ယင်းလုပ်ငန်းများကို အမှန်တကယ် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်ကို များစွာအကျိုးပြုနိုင်မည်မှာ အသေအချာပင်ဖြစ်သည်။ ထိုအထဲတွင် နိုင်ငံသားတိုင်း နေ့စဉ်မရှိမဖြစ် လိုအပ်လျက်ရှိသော အဝတ်အထည်များအတွက် ကုန်ကြမ်းဖြစ်သည့် “ဝါ” စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်သော အဓိကမဏ္ဍိုင်တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိနေပေသည်။

အရေအတွက်မှသည် အရည်အသွေးဆီသို့ ခြေလှမ်းသစ်

သမားရိုးကျ စိုက်ပျိုးရေးခေတ်ကာလများတွင် ကျွန်ုပ်တို့သည် စိုက်ကေ မည်မျှတိုးခဲ့နိုင်ခဲ့သည်၊ အထွက်နှုန်း မည်မျှရရှိခဲ့သည်ဆိုသော “အရေအတွက်” (Quantity) ကိုသာ အဓိကထား တိုင်းတာခဲ့ကြသည်။ သို့သော် ယနေ့ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စျေးကွက်ယှဉ်ပြိုင်မှု ပြင်းထန်လာသောခေတ်တွင် အရေအတွက်သက်သက်ဖြင့် ရပ်တည်၍မရနိုင်တော့ပေ။ ဝါစိုက်ပျိုးရေးလုပ်ငန်းများကို အရေအတွက်မှသည် အရည်အသွေး (Quality) သို့ မဖြစ်မနေ ကူးပြောင်းဖြင့်တင်ကြရမည့် အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်သည်။

ဝါသီးနှံ၏ အရည်အသွေးဟုဆိုရာတွင် ဝါဂွမ်း၏ ဖြူစင်တောက်ပသော အရောင်အဆင်း၊ ဆွဲဆောင်မှုရှိမှုတို့အပြင် စက်မှုကုန်ကြမ်းအဖြစ်အသုံးပြုရာတွင် အရေးပါဆုံးဖြစ်သော အမျှင်အရှည် (Staple Length)၊ အမျှင်၏ခိုင်ခံ့မှု (Tensile Strength) နှင့် သေးသွယ်နူးညံ့မှု (Micronaire) စသည့် တိကျသော စံချိန်စံညွှန်းများ ပြည့်မီရန် အထူးလိုအပ်လှသည်။ ထိုသို့ စံချိန်စံညွှန်းမီ အရည်အသွေးမြင့်မားသော ဝါဂွမ်းများ ထုတ်လုပ်နိုင်မှသာလျှင် ပြည်တွင်းချည်မျှင်နှင့် အထည်စက်ရုံများအတွက် အရည်အသွေးမီ ကုန်ကြမ်းများ ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး နောက်တစ်ဆင့်ဖြစ်သော တန်ဖိုးမြှင့်ထုတ်ကုန် (Value-added) လုပ်ငန်းများဆီသို့ ခိုင်ခိုင်မာမာ ခြေလှမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တောင်သူများ အနေဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် ကြိုးပမ်းခြင်းနှင့်အတူ မိမိတို့ထွက်ရှိလာသော ဝါဂွမ်းများ၏ အရည်အသွေးကိုပါ ကမ္ဘာ့အဆင့်မီဖြစ်အောင် စနစ်တကျပြုစုပျိုးထောင်ကြရန် လိုအပ်လှပေသည်။



“ဝါသီးနှံ၏ အရည်အသွေးဟုဆိုရာတွင် ဝါဂွမ်း၏ ဖြူစင်တောက်ပသော အရောင်အဆင်း၊ ဆွဲဆောင်မှုရှိမှုတို့အပြင် စက်မှုကုန်ကြမ်းအဖြစ်အသုံးပြုရာတွင် အရေးပါဆုံးဖြစ်သော အမျှင်အရှည် (Staple Length)၊ အမျှင်၏ခိုင်ခံ့မှု (Tensile Strength) နှင့် သေးသွယ်နူးညံ့မှု (Micronaire) စသည့် တိကျသော စံချိန်စံညွှန်းများ ပြည့်မီရန် အထူးလိုအပ်လှသည်။ ထိုသို့ စံချိန်စံညွှန်းမီအရည်အသွေးမြင့်မားသော ဝါဂွမ်းများ ထုတ်လုပ်နိုင်မှသာလျှင် ပြည်တွင်းချည်မျှင်နှင့် အထည်စက်ရုံများအတွက် အရည်အသွေးမီ ကုန်ကြမ်းများ ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး နောက်တစ်ဆင့်ဖြစ်သော တန်ဖိုးမြှင့်ထုတ်ကုန် (Value-added) လုပ်ငန်းများဆီသို့ ခိုင်ခိုင်မာမာ ခြေလှမ်းနိုင်မည်ဖြစ်သည်။”

အောင်မြင်သော ဝါစိုက်ပျိုးရေးအတွက် အခြေခံအုတ်မြစ် (၄) ရပ်

ဝါစိုက်ပျိုးရေးလုပ်ငန်းကို ဒေသဝန်းစာဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရာတွင် “မျိုး၊ မြေ၊ ရေ၊ နည်း” ဟူသော အခြေခံအုတ်မြစ် (၄) ရပ်ကို စနစ်တကျအသုံးချရန် အလွန်ပင်အရေးကြီးလှပါသည်။

မျိုး (Seed)– စိုက်ပျိုးရေးတွင် မျိုးသည် အဓိကဖြစ်သည်။ မျိုးကောင်းမျိုးသန့်ဖြစ်ရေးသည် ဝါစိုက်ပျိုးရေး၏ ပထမဆုံးနှင့် အရေးအကြီးဆုံး သော့ချက်ဖြစ်သည်။ အထွက်နှုန်းကောင်းမွန်ပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသော၊ ဒေသရာသီဥတုနှင့် ကိုက်ညီသော ချည်မျှင်ရှည်ဝါ (ဥပမာ – ငွေချည်၊ ရွှေတောင်မျိုးကွဲများ) ကို ရွေးချယ်စိုက်ပျိုးရမည်။ မျိုးစေ့များမစိုက်ပျိုးမီ မျိုးစေ့အညှောက်ပေါက်နှုန်း ကောင်းမွန်စေရန်နှင့် မျိုးစေ့မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကင်းစင်စေရန် စနစ်တကျ မျိုးစေ့လူးနယ်ဆေးများ အသုံးပြုခြင်း၊ သုတေသနပြု မျိုးစပ်ထားသော မျိုးရင်းများကို တောင်သူများ လက်ဝယ်သို့ အချိန်မီဖြန့်ဝေပေးခြင်းတို့ကို အလေးထား ဆောင်ရွက်ရပါမည်။

မြေ (Soil) – မျိုးကောင်းသော်လည်း မြေမကောင်းလျှင် အပင်ဖြစ်ထွန်းမှု အားနည်းတတ်သည်။ ဝါပင်သည် ရေစီးဆင်းမှုကောင်းမွန်ပြီး မြေဆီဩဇာထက်သန်သော မြေအမျိုးအစားကို နှစ်သက်သည်။ ထို့ကြောင့် မြေယာများကို စနစ်တကျပြုပြင် ထိန်းသိမ်းခြင်း၊ မြေဆီလွှာစမ်းသပ်မှု (Soil Test) များ ပြုလုပ်၍ မြေအချဉ်အငန်ဓာတ် (pH) ကို ညှိပေးခြင်းများ ပြုလုပ်ရမည်။ ထို့အပြင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ (နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်၊ ပိုတက်ဆီယမ်) ကို အချိုးကျမှန်ကန်စွာ စနစ်တကျထည့်သွင်းပေးခြင်းဖြင့် ဝါပင်များသန်စွမ်းစွာ ကြီးထွားလာစေရန် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။

ရေ (Water) – စိုက်ပျိုးရေးလုပ်ငန်းများအတွက် သန့်ရှင်းသောရေကောင်းရေသန့်နှင့် အောင်ရေရရှိရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ဝါသီးနှံသည် ရေတစ်ခံနိုင်သော အပင်မျိုးဖြစ်သော်လည်း ပန်းပွင့်ချိန်နှင့် ဝါသီးကင်းဝင်ချိန်များတွင် အစိုဓာတ် လုံလောက်စွာရရှိရန် အထူးလိုအပ်ပါသည်။ သို့သော် ရေဝပ်ခြင်းကိုမူ လုံးဝမနှစ်သက်ပေ။ ထို့ကြောင့် မိုးခေါင်ရေရှားသည့် အညာဒေသများတွင် ရေကို ချွေတာသုံးစွဲနိုင်သော ခေတ်မီအစက်ချရေလွှင်းစနစ် (Drip Irrigation) များကို အသုံးပြုခြင်း၊ ရေသွင်းရေထုတ်မြောင်းများ စနစ်တကျဖောက်လုပ်ခြင်းဖြင့် ရေကိုအပြည့်အဝရရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်သည်။

နည်းစနစ် (Technique) – ခေတ်မီစိုက်နည်း စနစ်များ အသုံးပြုခြင်းသည် အထွက်နှုန်းနှင့် အရည်အသွေးကို သိသိသာသာ တိုးတက်စေပါသည်။ တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices – GAP) ကို မဖြစ်မနေ လိုက်နာကျင့်သုံးရန် လိုအပ်လာသည်။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရာတွင် ဓာတုဆေးဝါးများကိုသာ အလွန်အကျွံ အားကိုးခြင်း မပြုဘဲ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးစနစ် (IPM) ကို အသုံးပြုခြင်း၊ သီးလှည့်စိုက်ပျိုးခြင်းစသည့် ခေတ်မီနည်းစနစ်များကို အသုံးချရပါမည်။ ဤသို့ စနစ်တကျဖြစ်စေရန်အတွက် စိုက်ပျိုးရေးပညာရှင်များက အမြဲမပြတ်သုတေသနပြုလေ့လာသုံးသပ်ပြီး

ကိုဘုန်း

တောင်သူများထံသို့ နည်းပညာများ လက်ဆင့်ကမ်း အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တန်ဖိုးမြှင့်ထုတ်ကုန် (Value-added) နှင့် ပြည်ပပို့ကုန်အလားအလာ

ဝါဂွမ်းများကို ခူးဆွတ်ပြီးနောက် ဝါဂွမ်းကြမ်းအတိုင်း ပြည်ပသို့ရောင်းချခြင်းသည် တိုင်းပြည်အတွက်ရသင့်ရတိုက်သော စီးပွားရေးအကျိုးအမြတ်ကို ဆုံးရှုံးစေပါသည်။ ထို့ကြောင့် ဝါမှတစ်ဆင့် ချည်မျှင်၊ ချည်မျှင်မှတစ်ဆင့် အထည်အလိပ် (Textile) နှင့် အဝတ်အထည် (Garment) များအဖြစ် အဆင့်ဆင့် တန်ဖိုးမြှင့် (Value-added) ထုတ်လုပ်နိုင်မည့် စက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရပါမည်။ သစ်သီးဝလံများကို ကြာရှည်ခံအခြောက်ခံစနစ်များဖြင့် စနစ်တကျထုပ်ပိုးပြီး နိုင်ငံတကာသို့တင်ပို့၍ နိုင်ငံခြားငွေရှာဖွေနိုင်သကဲ့သို့ ဝါသီးနှံကိုလည်း ခေတ်မီစက်ယန္တရားများ အသုံးပြုကာ အရည်အသွေးမြင့် ချည်ထည်များအဖြစ် ထုတ်လုပ်၍ နိုင်ငံတကာစျေးကွက်သို့ ထိုးဖောက်နိုင်ပေသည်။

အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံကဲ့သို့သော လူဦးရေထူထပ်သည့် နိုင်ငံကြီးများသည် စားရေရိက္ခာသာမက လူသုံးကုန်နှင့် အဝတ်အထည်ကုန်ကြမ်းများကိုပါ ပြည်ပမှ အမြောက်အမြားတင်သွင်းနေရသည်။ ဤသည်မှာ မိမိတို့နိုင်ငံအတွက် ကြီးမားလှသော ပြည်ပဈေးကွက်ကြီးတစ်ခု အသင့်ရှိနေခြင်းပင် ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်ဝယ်လိုအားကို သေချာစွာလေ့လာ၍ ၎င်းတို့လိုအပ်သော အရည်အသွေးနှင့်ပမာဏကို တည်ငြိမ်စွာထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက မြန်မာ့ဝါစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံခြားငွေရှာဖွေပေးနိုင်သော အဓိကပို့ကုန်လုပ်ငန်းကြီးတစ်ခုဖြစ်လာမည်မှာ ယုံမှားဖွယ်မရှိပေ။

ထို့ကြောင့် ဝါစိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ ရာသီဥတု၊ မြေပြင်အနေအထားတို့နှင့် အလွန်ကိုက်ညီပြီး အလားအလာကောင်းများစွာ ပိုင်ဆိုင်ထားသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ အရေအတွက်ကိုသာမက အရည်အသွေးကိုပါ အလေးထားခြင်း၊ ဒေသတွင်း ဖူလုံရေးမှသည် ပြည်ပပို့ကုန်အဖြစ် တိုးချဲ့ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖန်တီးခြင်းတို့ကို စနစ်တကျအကောင်အထည်ဖော်ရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် “မျိုး၊ မြေ၊ ရေ၊ နည်း” ဟူသော အခြေခံအုတ်မြစ်များကို သုတေသနပြု လေ့လာသုံးသပ်ချက်များနှင့်အညီ စနစ်တကျ ပေါင်းစပ်အသုံးချသွားရန် လိုအပ်လှပါသည်။

နိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူလယ်သမားများအားလုံး ဟန်ချက်ညီညီ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ဖြူလွလွ ဝါပွင့်လေးများသည် လယ်ကွင်းများအတွင်းမှ ခေတ်မီစက်ရုံများဆီသို့၊ ထိုမှတစ်ဆင့် ကမ္ဘာ့စျေးကွက်ဆီသို့ ဂုဏ်ယူဝင့်ကြွားစွာ ဝင်ရောက်နိုင်မည်ဖြစ်သည်။ သို့မှသာ မြန်မာ့ခေတ်မီ ဝါစိုက်ပျိုးရေးလုပ်ငန်းသည် မိမိတို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးနှင့် အခိုင်မာဆုံးသော “စီးပွားရေးမောင်းနှင်အားတစ်ရပ်”အဖြစ် မလွဲမသွေ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

နိုဝင်ဘာမှာ ပွင့်သောပန်းများသို့

❖ နိုဝင်ဘာလ၊ သမယသည် ကျစနှင်းမှုန်၊ ရစ်သိုင်းခြံ၍
ချမ်းတုန်အေးမြ၊ ဆောင်းကာလ၏ အစရာသီ၊ ကျရောက်ပြီမို့
ချယ်ရီပန်းလှ၊ ဖူးပွင့်ကြပြီး လောကအလယ်၊ ဝင့်ကာထည်ခဲ့
စားဖွယ်မျိုးစုံ၊ အဖုံဖုံနှင့် ကုံလုံကြွယ်ဝ၊ ပြည့်စုံလှသော
လမြတ်နိုဝင်ဘာ ချစ်စရာ.....။

❖ သည်လသည်ရက်၊ လှမ်းချီတက်၍ လက်များတွဲထား၊ ထွေအုပ်များ၏
အားပါးတရ၊ ပျော်မွေ့ကြသော ဌာနမွေးနေ့၊ ဘယ်မမေ့တည့်
တွေ့ကြဆုံကြ၊ ကြည်နူးကြနှင့် အားရပါးရ၊ ပွဲကျင်းပရာ
လာကြငြိမ်းစား၊ ဝန်ထမ်းများလည်း ပြောကြားဖြစ်ကြောင်း၊
အတိတ်ဟောင်းကို ပြန်ပြောင်းတမ်းတ အောက်မေ့ကြ.....။

❖ ပေးအပ်ဝန်တာ၊ ကျေပွန်စွာနှင့် ထမ်းကာပြည့်ကျိုး၊ သယ်ရွက်ပိုးရင်း
မျိုးစုံလုပ်ပေး၊ ဖွံ့ဖြိုးရေးနှင့် အေးချမ်းသာယာ၊ စိုးမိုးလာအောင်
နေရာအနှံ့၊ ခရီးဆန့်၍ ခန့်အပ်၍ပေး၊ မြို့ရပ်ကျေးတို့
အရေးသုံးပါး၊ ဦးထိပ်ထားလျက် တရားဥပဒေ၊ လိုက်နာနေရင်း
ဒေသပြည်သူ ချစ်ကြည်ဖြူ.....။

❖ ယစ်မျိုးမြေယာ၊ စီမံပါ၍ လိုက်နာစည်းကမ်း၊ သယ်ပိုးထမ်းရင်း
ဖြတ်သန်းခဲ့ရာ၊ နှစ်ချီကြာပြီ ပေးလာဝန်တာ၊ များပြားပါလည်း
အနားမနေ၊ အောင်မြင်လေအောင် စေညွှန်သည့်တိုင်း၊ စုပေါင်းဝိုင်း၍
တုန့်ပြန်၍သာ၊ ထင်းစည်းပမာသို့ ညီညာလက်တွဲ၊ ဆင်ကာနွဲလျက်
အောင်ပွဲသို့ချီ အလီလီ.....။

❖ ဩော်.....
နိုဝင်ဘာမှာ၊ ပွင့်ဖူးလာသည့် ပန်းမာလာများ၊ လှပအားကြောင့်
များစွာနယ်ပယ်၊ အလှကြွယ်ပြီ သို့နှယ်ပမာ၊ ထိုလမှာဖြင့်
ရောက်လာမွေးနေ့၊ ဆုံကာတွေ့ရင်း ပန်းမွေ့ရာဝယ်၊ ချစ်ခင်ဖွယ်ဖြင့်
ပြုံးရယ်ကြည်သာ၊ ချိုသာစွာနှင့် များစွာဝန်ထမ်း၊ ပြည့်တစ်ဝန်းဝယ်
အောင်ပန်းဆင်ကာ ပြုံးဝေဆာ ။
နှစ်ပေါင်းရှည်ကြာ ခိုင်မြဲမှာ.....။

(၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါ၏။)

ရဲမင်းစိုး



ကြံခင်းမြို့နယ်၌ ရေရှားပါးမှုမဖြစ်ပေါ်စေရေး အသိပညာပေးဟောပြော

ကြံခင်း နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာအုပ်စု သပြေပင်ဇင်းကျေးရွာ၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကြောင့် သောက်သုံးရေရှားပါးမှုများ မဖြစ်ပေါ်စေရေး ပြည်သူများ ကြိုတင် ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှုးက အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက သောက်သုံးရေရှားပါးမှုများ မဖြစ်ပေါ်စေရေး ကြိုတင် ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အထွေး



ဧရာဝတီတိုင်းဒေသကြီး ဝါခယ်မမြို့နယ် ပြည်သူ့ဆေးရုံ၌အောက်တိုဘာ ၃၁ ရက်က (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းရာ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ ရီရီလွင်(ပြန်/ဆက်)

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

ရွှေည့်သည် ငွေည့်သည် - (၁၄)

မေ

တစ်စုံတစ်ယောက်ရဲ့ အိမ်ကို သွားရောက်လည်ပတ်ခြင်းဟာ ရင်းနှီးမှုနဲ့ခင်မင်မှုကို ဖော်ပြတဲ့ အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် ဧည့်သည်အဖြစ် သွားရောက်တဲ့အခါ အိမ်ရှင်၏အခြေအနေနဲ့ အဆင်ပြေမှုကို ထည့်သွင်းစဉ်းစားတတ်ခြင်းကလည်း အရေးကြီးတဲ့ အင်္ဂါကက်တစ်ခု ဖြစ်ပါတယ်။

ဧည့်သည်တစ်ယောက်အနေနဲ့ သွားရောက်မယ့်အချိန်ကို ကြိုတင် အကြောင်းကြားတာ၊ သတ်မှတ်ထားတဲ့အချိန်အတိုင်း သွားရောက်တာတွေက အိမ်ရှင်ကို လေးစားရာရောက်ပါတယ်။ ရုတ်တရက် မပြောမဆို သွားရောက်တာ၊ တံခါးမခေါက် အသံမပေးဘဲ တိတ်တိတ်လေး ဝင်သွားတာ၊ အချိန်ကြာမြင့်စွာ နေထိုင်တာတွေက အိမ်ရှင်အတွက် အဆင်မပြေမှု ဖြစ်စေနိုင်ပါတယ်။

အိမ်ရောက်တဲ့အခါ အိမ်ရှင်၏ နေထိုင်မှုပုံစံနဲ့ အိမ်တွင်းစည်းကမ်းကို လေးစားပေးဖို့ လိုအပ်ပါတယ်။ အိမ်အတွင်းက ပစ္စည်းတွေကို ခွင့်မတောင်းဘဲ မကိုင်ရသလို၊ ကိုယ်ပိုင်အမြင်တွေကို အတင်းအကျပ် ပြောဆိုခြင်းကို ရှောင်ရှားသင့်ပါတယ်။ ဧည့်သည်ကောင်းဆိုတာ အိမ်ရှင်ကို စိတ်ချမ်းသာ အဆင်ပြေစေသူ ဖြစ်ပါတယ်။



ဧည့်သည်အဖြစ် ယဉ်ကျေးစွာ ပြုမူနေထိုင်ခြင်းက လူမှုဆက်ဆံရေးကို ပိုမိုခိုင်မာစေပါတယ်။ အပြန်အလှန်လေးစားမှုနဲ့ နားလည်မှုရှိခြင်းကသာ ရေရှည်တည်တံ့တဲ့ ခင်မင်ရင်းနှီးမှုတွေကို တည်ဆောက်ပေးနိုင်ပါတယ်။ အက်တိကက်ဆိုတာ တခြားသူတွေရဲ့ ခံစားချက်ကို ထည့်သွင်းစဉ်းစားတတ်ခြင်းကနေ စတင်ပါတယ်။

သရက်မြို့၌ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေး

သရက် နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သရက် ခရိုင်ဘဏ်ခွဲ သရက်မြို့နယ်အနေ ဖြင့် ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ် ချေးငွေများအား ကျေးရွာအုပ်စု ၂၆ အုပ်စုရှိတောင်သူ ဦးရေ ၁၃၀၂ ဦးတို့ကို အခြားသီးနှံ ဧက ၄၆၇၆ ဧကအတွက်ထုတ်ချေး မည့် ငွေကျပ်သိန်း ၁၁၆၉၀ အား ၅၀ ရာခိုင်နှုန်း ငွေသား + ၅၀ ရာခိုင်နှုန်း Mobile Payment ဖြင့် ထုတ်ချေးရန် လျာထား သတ်မှတ်ထားရှိရာ သရက်မြို့တွင် အောက်တိုဘာ ၂၉ ရက်မှ စတင်၍ ကျေးရွာအုပ်စု သုံးအုပ်စု၊ တောင်သူဦးရေ ၄၁ ဦးသို့ အခြားသီးနှံ တစ်ဧကလျှင် ၂ ဒသမ ၅၀ သိန်းနှုန်းဖြင့် ချည်မျှင်ရှည်ဝါ (ရိုးရိုး) ၁၀၅ ဧက၊ အခြားသီးနှံ ၄၁ ဧကအတွက် ၂၀၂၆ ဆောင်းချေးငွေကျပ် ၃၆၅ သိန်းကို ထုတ်ချေးပြီးဖြစ်ကြောင်းနှင့် ဆောင်းသီးနှံများအတွက် ထုတ်ချေးငွေများကို ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ ၂၀၂၇ ခုနှစ် ဧန်နဝါရီလ ကုန်အထိ တောင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။ မောင်လှလင်(သရက်)



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

တစ်ပတ်တာ ဖတ်စရာ

မြန်မာရေးရာ

အောက်တိုဘာ ၂၅ ရက်

နိုင်ငံတော်သမ္မတနှင့် ဇနီး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြည့်ရှုအားပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် နေပြည်တော်၌ ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်မှုများနှင့် ဝိဇ္ဇာဇာတ်တော်ကြီး ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်အထိ ပြိုင်ပွဲဝင် ၂၃၀၀ ကျော်ဖြင့် ကျင်းပခဲ့သည်။

အောက်တိုဘာ ၂၆ ရက်

မာရဝိယေဗုဒ္ဓရုပ်ဖွားတော်မြတ်ကြီးသို့ ဘုရားဖူးပြည်သူများအား အခမဲ့ ပို့ဆောင်ပေး

သိတင်းကျွတ်အဘိဓမ္မာအခါတော်နေ့တွင် ဘုရားဖူးပြည်သူများ အဆင်ပြေစွာ ဖူးမြော်နိုင်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီက တော်ဝင်ယာဉ်လိုင်းနှင့် ရာဇာမင်း EV ယာဉ်များဖြင့် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ လမ်းကြောင်းလေးခုမှ အသွားအပြန် အခမဲ့ ပို့ဆောင်ပေးခဲ့သည်။

အောက်တိုဘာ ၂၇ ရက်

KNPP၊ KNDF နှင့် PDF တို့ ရွှေတိုက်ဒုံးပစ်ခတ်မှုကြောင့် ကယားပြည်နယ်၌ ဒေသခံ ငါးဦး ဒဏ်ရာရ

သိတင်းကျွတ်လပြည့် အဘိဓမ္မာနေ့တွင် ကယားပြည်နယ် လွိုင်ကော်မြို့၊ လယ်ထွဲကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကုသိုလ်ပြုနေသည့် ဒေသခံပြည်သူများထဲ KNPP၊ KNDF နှင့် PDF ပူးပေါင်းအဖွဲ့များက ရှေ့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၈ ရက်

နိုင်ငံစီးပွားရေး၊ ပညာရေးနှင့် အားကစားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ တိုက်တွန်း

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံ့သမိုင်း၌ မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရ တစ်ရပ်ဖြစ်စေရေး၊ စိုက်ပျိုးမွေးမြူရေးအခြေခံ စီးပွားရေးဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးနှင့် ပညာရေး၊ အားကစားကဏ္ဍများ တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။

အောက်တိုဘာ ၂၉ ရက်

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ၊ ဂုဏ်ပြုညစာစားပွဲတို့ကို အောက်တိုဘာ ၂၉ ရက်တွင် နေပြည်တော်၌ ကျင်းပ

အောက်တိုဘာ ၃၀ ရက်

ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကျင်းပ

ဒုတိယသမ္မတ ဦးညီစော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)သို့ တက်ရောက်အမှာစကား ပြောကြားပြီး ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆိုက်ဘာလုံခြုံရေးစနစ်များနှင့် သက်ဆိုင်ရာဥပဒေ၊ မူဘောင်များ အကောင်အထည်ဖော်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

အောက်တိုဘာ ၃၁ ရက်

နေပြည်တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် အထင်ကရနေရာများ တည်ဆောက်နေမှု နိုင်ငံတော်သမ္မတ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အောက်တိုဘာ ၃၁ ရက်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်လမ်းသစ်၊ ပြည်သူ့ရင်ပြင်နှင့် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ ရေရှည်တည်တံ့ခိုင်ခံ့ရေးနှင့် စိမ်းလန်းသာယာလှပရေးတို့အတွက် လမ်းညွှန်မှာကြားခဲ့သည်။

ကမ္ဘာရေးရာ

ရီယာဒ်လေဆိပ် တစ်စိတ်တစ်ပိုင်း ပြန်ဖွင့်မည်

ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့ရှိ King Khalid အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို အောက်တိုဘာ ၂၅ ရက်တွင် ပြည်တွင်းခရီးစဉ်များ အတွက် Terminal 1 နှင့် နိုင်ငံတကာခရီးစဉ်များအတွက် Terminal 2တို့မှတစ်ဆင့် တစ်စိတ်တစ်ပိုင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း လေဆိပ်က ကြေညာသည်။

ဘင်္ဂလားဒေ့ရှ်၌ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု စံချိန်တင်မြင့်တက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၂၂၄၉ ဦးရှိပြီး သေဆုံးသူ ခုနစ်ဦးရှိခဲ့ကာ ယခုနှစ်အတွင်း စုစုပေါင်းဖြစ်ပွားသူ ၁၂၃၉၄ ဦးနှင့် သေဆုံးသူ ၃၈၄ ဦးအထိ ရှိလာသည်။

GMO ကုမ္ပဏီ ဖောက်သည်အချက်အလက်များ ဟက်ကာများ ထုတ်ပြန်

ဂျပန်နိုင်ငံအခြေစိုက် GMO Internet Group က အမေရိကန်ဒေါ်လာ တစ်သန်း ပြန်ပေးရန် တောင်းဆိုမှုကို ငြင်းဆန်ခဲ့ပြီးနောက် ဟက်ကာအဖွဲ့က ဖောက်သည်များ၏ ကိုယ်ရေးအချက်အလက်များဟု ဆိုထားသည့် အချက်အလက်များကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

စပိန်၌ အမြန်ရထားနှစ်စင်း တိုက်မိ၊ လူ ၆၉ ဦးခန့် သေဆုံး

စပိန်နိုင်ငံ မက်ဒရစ်မြို့နှင့် အန်ဒါလူစီယာဒေသကို ဆက်သွယ်ထားသည့် ရထားလမ်းပေါ်တွင် အောက်တိုဘာ ၂၈ ရက်က အမြန်ရထားနှစ်စင်း တိုက်မိမှုကြောင့် လူ ၆၉ ဦးခန့် သေဆုံးပြီး ၁၇၀ကျော် ဒဏ်ရာရရှိခဲ့ကာ မက်ဒရစ်နှင့် အန်ဒါလူစီယာအကြား ရထားဝန်ဆောင်မှုများ ရပ်ဆိုင်းခဲ့သည်။

အမေရိကန်ဗဟိုဘဏ် အတိုးနှုန်း မပြောင်းလဲ

အမေရိကန်ဗဟိုဘဏ်သည် အခြေခံအတိုးနှုန်းကို ၃ ဒသမ ၇၅ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအတွင်း ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့ပြီး လာမည့် ဒီဇင်ဘာအစည်းအဝေးတွင် အတိုးနှုန်း ထပ်မံတိုးမြှင့်နိုင်ခြေ ရှိကြောင်း စျေးကွက်အတွင်း မျှော်လင့်ချက်များ မြင့်တက်လာသည်။

ထိုင်းနိုင်ငံ၌ ၂၀၂၆ အာကာသပြပွဲ ကျင်းပ

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပသည့် ၂၀၂၆ အာကာသပြပွဲတွင် ကုမ္ပဏီ ၈၅ ခု ပါဝင်ပြသ လျက်ရှိပြီး အာကာသစီးပွားရေး၊ လပေါ်စူးစမ်းလေ့လာရေးနှင့် ဂြိုဟ်တုအင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖိုရမ် ၅၀ ကျော်လည်း ပါဝင်သည်။

အိန္ဒိယ NVS-03 ဂြိုဟ်တု အောင်မြင်စွာလွှတ်တင်

အိန္ဒိယအာကာသသုတေသနအဖွဲ့ (ISRO) သည် နိုင်ငံ၏ ဂြိုဟ်တု အခြေပြု လမ်းညွှန်စနစ် အဆင့်မြှင့်တင်ရန် ရည်ရွယ်သည့် NVS-03 ဂြိုဟ်တုကို GSLV-F18 ဒုံးပျံဖြင့် အောက်တိုဘာ ၃၀ ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ပြန်သည်။



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် အိမ်ရှေ့တောင်အုပ်စု အိမ်ရှေ့တောင်ကျေးရွာ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုကို ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ရည်ရွယ်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်မာ ဦးဆောင်၍ ဝန်ထမ်းများက အယ်လ်နီညိုအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ ဝါဝါမြင့်(မြစ်သား)

မြန်အောင်မြို့နယ်၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

မြန်အောင် နိုဝင်ဘာ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ထန်းပင်ကုန်း ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၃၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ခံရွာသူများ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများ ဩဂုတ် ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **အထွေး**

သရက်မြို့၌ အခွန်အသိပညာပေး ရှုင်းလင်းဆွေးနွေး

သရက် နိုဝင်ဘာ ၁

သရက်မြို့နယ်တွင် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူးဦးဇေယျဦးက (Pilot project) (M-TRACES) စနစ်နှင့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။



မောင်လှလင်(သရက်)

အမေရိကန်၌ ကြားဖြတ်ရွေးကောက်ပွဲ ကြိုတင်မဲပေးသူ ၅၁ သန်းကျော်ရှိပြီး ၂၀၂၂ ခုနှစ်ထက် များပြား

ဝါရှင်တန် နိုဝင်ဘာ ၁

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးမှုများကို နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၁ ရက်အထိ ကြိုတင်မဲပေးပြီးသူ မဲဆန္ဒရှင် ၅၁ သန်းကျော်ရှိကြောင်း သိရသည်။

ဖလော်ရီဒါတက္ကသိုလ် ရွေးကောက်ပွဲဆိုင်ရာ သုတေသနဌာန၏ ထုတ်ပြန်ချက်အရ ယခုနှစ်ကြားဖြတ် ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးသူဦးရေသည် ၂၀၂၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလ အတွင်း ကြိုတင်မဲပေးခဲ့သူ စုစုပေါင်းဦးရေထက်ပင် ကျော်လွန်နေပြီဖြစ်သည်။

တောင်ပိုင်းဗာဂျီနီးယားဒေသ၌ လူကိုယ်တိုင် ကြိုတင်မဲပေးနိုင်သည့် နောက်ဆုံးရက်ဖြစ်သော အောက်တိုဘာ ၃၁ ရက်က မဲပေးရန် စောင့်ဆိုင်းနေသူများဖြင့် မဲရုံများတွင် လူတန်းရှည်ကြီး ဖြစ်ပေါ်ခဲ့သည်။

အမေရိကန်သတင်းဝက်ဘ်ဆိုက် Axios ၏ ဖော်ပြချက်အရ ယခုရွေးကောက်ပွဲတွင် မဲပေးသူစုစုပေါင်းဦးရေသည် ၂၀၂၂ ခုနှစ်



ကြားဖြတ်ရွေးကောက်ပွဲကာလထက် ပိုမိုများပြားလာနိုင်ကြောင်း နိုင်ငံရေးသိပ္ပံပညာရှင်တစ်ဦးက ခန့်မှန်းထားသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲရလဒ်သည် အကြိတ်အနယ်ယှဉ်ပြိုင်ရမည့် အခြေအနေဖြစ်လာနိုင်ကြောင်းလည်း အသက် ၄၀ အရွယ် မဲဆန္ဒရှင်တစ်ဦးက ပြောကြားခဲ့သည်။ **အင်နီအိတ်ချ်ကေ**

အီဂျစ်အရပ်ဘက်ဖွဲ့ဖြိုးရေးလုပ်ငန်း မဟာမိတ်အဖွဲ့က ဂါဇာဒေသသို့ အကူအညီပစ္စည်း တန်ချိန် ၁၄၀၀ ပေးပို့

ကိုင်ရို နိုဝင်ဘာ ၁

အီဂျစ်နိုင်ငံ အမျိုးသားအရပ်ဘက်ဖွံ့ဖြိုးရေးလုပ်ငန်း မဟာမိတ်အဖွဲ့ (NACDW)သည် ဂါဇာကမ်းခြောင်းဒေသသို့ ၁၄ ကြိမ်မြောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးယာဉ်တန်းကို အောက်တိုဘာ ၃၁ ရက်တွင် စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တန်းတွင် ထရပ်ကားအစီး ၁၀၀ ကျော်ပါဝင်ပြီး အကူအညီပစ္စည်း တန်ချိန် ၁၄၀၀ ခန့် တင်ဆောင်ထားကြောင်း အီဂျစ်သတင်းအေဂျင်စီ MENA တွင် ဖော်ပြထားသည်။ ယာဉ်တန်းတွင် မဟာမိတ်အဖွဲ့နှင့် ချိတ်ဆက်ထားသော လူမှုအကူအညီပေးရေးအဖွဲ့ ၁၃ ဖွဲ့ ပါဝင်ပြီး အစားအသောက်၊ ဂျုံမှုန့်၊ ဓာတ်၊ အဝတ်အထည်၊ ဆေးဝါးနှင့် အခြားအခြေခံလိုအပ်သည့် အထောက်အပံ့ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။ အဆိုပါမဟာမိတ်အဖွဲ့သည် ယခင်ကလည်း ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပစ္စည်း တန်ချိန် ၇၅၀၀၀ ကျော် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း MENA သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

တာဂျစ်ကစ္စတန်၌ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ နိုင်ငံတကာညီလာခံ ကျင်းပ

ဘူရှန်ဘေ နိုဝင်ဘာ ၁

တာဂျစ်ကစ္စတန်နိုင်ငံ စက်မှုနှင့် နည်းပညာသစ်ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဉာဏ်ရည်တုနည်းပညာ (AI) ဆိုင်ရာ နိုင်ငံတကာညီလာခံကို ဘူရှန်ဘေမြို့၌ အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ကျင်းပခဲ့ကြောင်း Khovar သတင်းအေဂျင်စီက အောက်တိုဘာ ၃၁ ရက်တွင် ဖော်ပြထားသည်။

အဆိုပါညီလာခံတွင် တာဂျစ်ကစ္စတန်နိုင်ငံ၏ အမျိုးသား ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့်အညီ ၂၀၄၀ ပြည့်နှစ်တွင် နိုင်ငံ၏စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ၌ AI ကဏ္ဍ၏ ပါဝင်မှုကို ငါးရာခိုင်နှုန်းအထိမြှင့်တင်ရန် ရည်မှန်းထားသည့် အချက်ကို အဓိကထားဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်များနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများအပါအဝင် လူဦးရေ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

ဗီယက်နမ်က ဓာတ်ဆီအပေါ် အထူးစားသုံးခွန်ကို ၂၀၂၇ ခုနှစ် မတ်လအထိ သုညရာခိုင်နှုန်း သတ်မှတ်

ဟနွိုင်း နိုဝင်ဘာ ၁

ဗီယက်နမ်အစိုးရသည် ဓာတ်ဆီအမျိုးအစားအားလုံးအပေါ် ကောက်ခံသည့် အထူးစားသုံးခွန်နှုန်းထားကို နိုဝင်ဘာ ၁ ရက်မှစ၍ ၂၀၂၇ ခုနှစ် မတ် ၃၁ ရက်အထိ သုညရာခိုင်နှုန်းသတ်မှတ်လိုက်ကြောင်း အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ပြန်သည့်အစိုးရဆုံးဖြတ်ချက်အရ သိရသည်။

ယခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်အသက်ဝင်ခဲ့သည့် အထူးစားသုံးခွန် ဥပဒေအရ ရိုးရိုးဓာတ်ဆီအပေါ် အခွန်နှုန်းထားကို ၁၀ ရာခိုင်နှုန်း၊ E5 ဇီဝလောင်စာဆီအပေါ် ရှစ်ရာခိုင်နှုန်းနှင့် E10 ဇီဝလောင်စာဆီအပေါ် ခုနစ်ရာခိုင်နှုန်း သတ်မှတ်ထားခဲ့သည်။

ယခင်ကလည်း ပြည်တွင်းလောင်စာဆီဈေးကွက် တည်ငြိမ်စေရန် ရည်ရွယ်၍ အဆိုပါအခွန်နှုန်းထားကို ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်မှ ဇွန် ၃၀ ရက်အထိ သုညရာခိုင်နှုန်း လျှော့ချသတ်မှတ်ခဲ့ကြောင်းနှင့် ဓာတ်ဆီနှင့် ဒီဇယ်အပါအဝင် လောင်စာဆီများအပေါ် ကောက်ခံသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခွန်ကိုလည်း တစ်လီတာလျှင် ဗီယက်နမ်ဒေါင်သုညနှုန်းဖြင့် ဆက်လက်သတ်မှတ်ထားကြောင်း သိရသည်။

ဆင်ဟွာ



အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဘိုလီးဗီးယားနိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာ

လီမာ နိုဝင်ဘာ ၁

ဘိုလီးဗီးယားသမ္မတ ရိုဒရီဂိုပက်ဇ်သည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် နိုင်ငံတစ်ဝန်း အရေးပေါ် အခြေအနေကြေညာသည့် အမိန့်ကို အောက်တိုဘာ ၃၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။



သမ္မတပက်ဇ်သည် နိုင်ငံအတွင်း ဒေသအများအပြားခဲ့ ဖြစ်ပေါ်နေသည့် မိုးခေါင်ရေရှားမှုကိုဖြေရှင်းရန်နှင့် လာမည့်လများအတွင်း ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် အဆိုပါအမိန့်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အရေးပေါ်အခြေအနေကြေညာခြင်းသည် ဘဏ္ဍာရေးနှင့် လူသားအရင်းအမြစ်များကို စုစည်းအသုံးပြုရန်၊ အစိုးရဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်၊ ဘေးဒဏ်သင့်မိသားစုများကို ကူညီရန်နှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်၊ စီးပွားရေးလုပ်ငန်းများအပေါ် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ၏ သက်ရောက်မှုကို လျော့ချရန် ရည်ရွယ်ကြောင်း သမ္မတက ပြောကြားသည်။

ဘိုလီးဗီးယားနိုင်ငံရှိ ပြည်နယ်ကိုးခုအနက် ခြောက်ခုမှ မိသားစု ၈၀၀၀၀ နီးပါးသည် မိုးခေါင်ရေရှားမှုနှင့် ရင်ဆိုင်နေရပြီး မွေးမြူရေး တိရစ္ဆာန် ၇၅၀၀၀ ကျော် ဆုံးရှုံးခဲ့ရကြောင်း အစိုးရ၏ အောက်တိုဘာလ အတွင်း ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

ဘော်လ်ဆွန်နာရီအနေဖြင့် အမေရိကန်တွင် ဆန္ဒရှိသရွေ့ နေထိုင်နိုင်ကြောင်း သမ္မတထရမ့် ပြော

ဝါရှင်တန် နိုဝင်ဘာ ၁

အမေရိကန်သမ္မတ ဒေါနယ်ထရမ့်သည် ဘရာဇီးသမ္မတ ရွှေကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော ဖလာဗီယို ဘော်လ်ဆွန်နာရိုနှင့် တွေ့ဆုံရန် အစီအစဉ်မရှိသော်လည်း နေထိုင်နိုင်ကြောင်း အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

ဘော်လ်ဆွန်နာရိုနှင့် တွေ့ဆုံရန်အစီအစဉ်မရှိကြောင်း၊ သို့သော် ၎င်းအပေါ် အလွန်ဆိုးရွားစွာ ဆက်ဆံခဲ့ကြသည်ဟု ထင်မြင်မိကြောင်း၊ အမေရိကန်ပြည်ထောင်စု တွင် ဆန္ဒရှိသရွေ့ နေထိုင်နိုင်ကြောင်းနှင့် ရွှေကောက်ပွဲသည် အရှက်ရဖွယ် ကောင်းကြောင်း သမ္မတထရမ့်က ဖလော်ရီဒါ ပြည်နယ် ပမ်းဘိချ်မြို့ရှိ မာအာလာဂိုကလပ်၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့သည့် ဘရာဇီးရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော လစ်ဘရယ်ပါတီ ကိုယ်စားလှယ် ဘော်လ်ဆွန်နာရိုသည် ၎င်း၏ မိသားစုနှင့်အတူ ကိုယ်ပိုင် လေယာဉ်ဖြင့် အောက်တိုဘာ ၂၈ ရက်တွင် အမေရိကန် ပြည်ထောင်စုသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ဆူဒန်၌ ဒရုန်းတိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာခြင်းကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရှုတ်ချ

ဂျီနီဗာ နိုဝင်ဘာ ၁

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ဆူဒန်နိုင်ငံတွင် ဒရုန်းတိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာခြင်းနှင့် ပတ်သက်၍ တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများအပေါ် ကြီးမား ဆိုးရွားသော ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်နေခြင်းကို ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

ဆူဒန်နိုင်ငံတစ်ဝန်းနှင့် အဘီယေးဒေသတို့တွင် ဒရုန်းတိုက်ခိုက်မှုများကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် အရပ်သားပြည်သူရာနှင့်ချီ သေဆုံးခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ တိုက်ခိုက်မှုများသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတက်ဖနီ ဒူဂျာရစ်က ပြောကြားသည်။

ကုလသမဂ္ဂအနေဖြင့် ဆူဒန်ပြည်သူများ၏ ဆန္ဒသဘောထားကို ထင်ဟပ်စေမည့် ရေရှည်တည်တံ့သော နိုင်ငံရေးဖြေရှင်းချက်တစ်ရပ် ပေါ်ထွက်လာစေရေး ကြိုးပမ်းအားထုတ်မှုများကို ထောက်ပံ့ကူညီရန် အသင့်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

ပါကစ္စတန် မင်္ဂလာပွဲအခမ်းအနားတွင် လူအုပ်ပိမ့္ဆုပြစ်ဖွား

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် ဆီယာလ်ကိုတ်ခရိုင်တွင် မင်္ဂလာပွဲအခမ်းအနားတစ်ခုကျင်းပနေစဉ် လူအုပ်ပိမ့္ဆုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၁၃ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအရာရှိများက ပြောကြားသည်။ အဆိုပါဖြစ်စဉ်သည် ခရိုင်အတွင်း ဒဏ်စံကာလမ်းပေါ်ရှိ ဖာရက်ဇ်အားကစားကွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

အာဖဂန်ရဲတပ်ဖွဲ့က လူကုန်ကူးရန် ကြိုးပမ်းမှုကို တားဆီး

အာဖဂန်နွစ္စတန်နိုင်ငံ အနောက်ပိုင်း နင်ရော့ဇ်ပြည်နယ်၌ လူကုန်ကူးရန် ကြိုးပမ်းမှုတစ်ရပ်ကို ရဲတပ်ဖွဲ့က အောက်တိုဘာ ၃၁ ရက်တွင် တားဆီးနိုင်ခဲ့ပြီး လူ ၅၇ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မော်လဗီဂူလ်မိုဟာမက် ကူဒရတ်က နိုဝင်ဘာ ၁ ရက်တွင် ပြောကြားသည်။ အလားတူ ရဲတပ်ဖွဲ့သည် အောက်တိုဘာ ၂၈ ရက်တွင်လည်း နင်ရော့ဇ်ပြည်နယ်၌ လူကုန်ကူးရန် ကြိုးပမ်းမှုတစ်ရပ်ကို တားဆီးနိုင်ခဲ့ပြီး လူ ၁၂၇ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား ၈၃ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထု ကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ယုဝရတ်ဟိုတယ်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၈၃ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် Laptop မျိုးစုံ အလုံး ၄၀၊ ဖုန်းမျိုးစုံ ၇၅ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူ ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၄၁ ဦးတို့အား ဖမ်းဆီးရမိစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံ။

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများအများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးစဉ်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

ဘိလိယက်နှင့်စနူကာ အားကစားအဆင့်အတန်း ပိုမိုမှုဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့ အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပခဲ့သည်။ **(ယာဝုံ)**



ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး စနူကာ 6-Red, 9 Ball Pool, နှင့် ဘိလိယက်ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီး ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 6-Red ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ မြသက်မှူးက ကချင်ပြည်နယ်အသင်းမှ နှင်းပြည့်ပြည့် ကို ရလဒ် သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ သက်နင်းဝေ ကို ရလဒ် သုံးပွဲ - နှစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အေမိအောင် က မန္တလေးတိုင်းဒေသကြီးအသင်းမှ မျိုးမြတ်သူ ကို ရလဒ်သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဖြူစင်အောင်က မွန်ပြည်နယ်အသင်းမှ ဝေသဇင်လှိုင် ကို ရလဒ်သုံးပွဲ - ပွဲမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ အေးအေးမြတ် က မွန်ပြည်နယ်အသင်းမှ နှင်းအိအိရွှေ ကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဆုပြည့်စုံက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ရွှေရည်ဦး ကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသားပြိုင်ပွဲ ပွဲစဉ်အဖြစ် 9 Ball Pool ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ အောင်မြင့်က မန္တလေးတိုင်းဒေသကြီးအသင်းမှ ကျော်ဇော်သန့် ကို ရလဒ် ခုနစ်ပွဲ-လေးပွဲဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ လွင်မိုးဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ကောင်းပြည့်ကြွယ် ကို ရလဒ် ခုနစ်ပွဲ-သုံးပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ နေမင်းထွန်းက မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်ဝေယံမိုး ကို ရလဒ် ခုနစ်ပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ စိုင်းကွမ်းမိုင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မျိုးသူရအောင် ကို ရလဒ် ခုနစ်ပွဲ-လေးပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ စိုင်းစုံစိုင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရာဇာဟန် ကို ရလဒ် ခုနစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဖြိုးက မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ဦး ကို ရလဒ် ခုနစ်ပွဲ-ငါးပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခန့်မင်းထွန်းက ကရင်ပြည်နယ်အသင်းမှ ခွန်ရဇေထွဋ် ကို ရလဒ် ခုနစ်ပွဲ-ခြောက်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ သန်းထွန်းအောင်က ကချင်ပြည်နယ်အသင်းမှ မိုးဝင်း ကို ရလဒ် ခုနစ်ပွဲ-သုံးပွဲဖြင့်လည်းကောင်း၊ ဘိလိယက်ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ဇော်လင်းနိုက မကွေးတိုင်းဒေသကြီးအသင်းမှ လင်းအောင် ကို ရလဒ် သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝေယံဦးအောင်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရဲထွဋ်ဦး ကို ရလဒ် သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သီဟစိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ကျော်ဝေထိုက် ကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ခင်မောင်တင့်က ရှမ်းပြည်နယ်အသင်းမှ ရဲလင်း ကို ရလဒ် သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင်းကိုကိုက မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်ဌေး ကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်ရိုဝထ္ထသိဒ္ဓိအားကစားကွင်း အလေးမလေ့ကျင့်ရေးအားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

အမျိုးသမီး (၆၁) ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဧပေရယ်ထွန်းက အမြန်မစံချိန် ၈၀ ကီလို၊ နှစ်ဆင့်မစံချိန် ၉၉ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၇၉ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ယွန်းပပသွယ်က အမြန်မစံချိန် ၆၃ ကီလို၊ နှစ်ဆင့်မစံချိန် ၈၀ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၃ ကီလိုဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ယွန်းယွန်းက အမြန်မစံချိန် ၅၂ ကီလို၊ နှစ်ဆင့်မစံချိန် ၆၅ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၁၈ ကီလိုဖြင့် တတိယ ရရှိခဲ့သည်။

ထို့အတူ အမျိုးသား(၇၀)ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝေလွင်ဖြိုးက အမြန်မစံချိန် ၁၁၃ ကီလို၊ နှစ်ဆင့်မစံချိန် ၁၃၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၄၉ ကီလိုဖြင့် ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ခွန်ခမ်းနောင်က အမြန်မစံချိန် ၈၆ ကီလို၊ နှစ်ဆင့်မစံချိန် ၁၀၃ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၈၉ ကီလိုဖြင့် ဒုတိယ၊ ကရင်ပြည်နယ်အသင်းမှ သင့်မြတ်ဝိရဝင်းက အမြန်မစံချိန် ၇၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၁၀ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၈၅ ကီလိုဖြင့်တတိယ ရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲ၏ အမျိုးသမီး (၆၁) ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဧပေရယ်ထွန်းသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမြန်မပြိုင်ပွဲ၏ စံချိန် ၇၆ ကီလိုထက်ကျော်လွန်၍ ၈၀ ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၉၈ ကီလိုထက်ကျော်လွန်၍ ၉၉ ကီလိုဖြင့်လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၁၇၂ ကီလိုထက် ကျော်လွန်၍ ၁၇၉ ကီလိုဖြင့် လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

အလားတူ အမျိုးသား (၇၀) ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝေလွင်ဖြိုးသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမြန်မစံချိန် ၁၀၆ ကီလိုထက်ကျော်လွန်၍ ၁၁၃ ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၁၂၅ ကီလိုထက်ကျော်လွန်၍ ၁၃၆ ကီလိုဖြင့်လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၂၃၁ ကီလိုထက်ကျော်လွန်၍ ၂၄၉ ကီလိုဖြင့် လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး)ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**





M League II အပတ်စဉ်(၃)ပြိုင်ပွဲ တက္ကသိုလ်အသင်း အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၁

M League II 2026-2027 ပြိုင်ပွဲ အပတ်စဉ် (၃) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တက္ကသိုလ်အသင်းက မနောအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဇယားထိပ်ဆုံးနေရာမှ တက္ကသိုလ်အသင်းသည် နိုင်ပွဲဆက်လက်ရရှိရေး ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၁၆ မိနစ်တွင် ရှိုင်းထက်အောင်၊ ၂၀ မိနစ်တွင် ဝင်းဝင်းထွန်း၊ ၅၉ မိနစ်တွင် မြဒုန်ခွန်နှင့် ၈၆ မိနစ်တွင် အောင်မြင့်မြတ်တို့၏ သွင်းဂိုးများဖြင့် မနော အသင်းကို ဂိုးပြတ်အနိုင်ယူကာ အမှတ်ပေးဇယားထိပ်ဆုံး၌ ဆက်လက်ဦးဆောင်ခဲ့သည်။ AYA Pay Player of the Match ဆုကို တက္ကသိုလ်အသင်းမှ အောင်မြင့်မြတ်က ရရှိခဲ့သည်။

အပတ်စဉ်(၃) ပွဲစဉ်များအပြီးတွင် တက္ကသိုလ်အသင်းနှင့် ရပိုင်ယူနိုက်တက်အသင်းက ကိုးမှတ်စီ၊ VUE နေပြည်တော်က ခုနစ်မှတ်၊ Royal Dagon နှင့် ရာမညယူနိုက်တက် တို့က ငါးမှတ်စီ၊ Junior Lions က သုံးမှတ်နှင့် မနောအသင်းက တစ်မှတ်ရရှိထားပြီး Asia Lion အသင်း၊ Enjoy Brother အသင်းနှင့် Elite Kings အသင်းတို့က ရမှတ် မရရှိသေးပေ။ **နေမျိုး၊ ဓာတ်ပုံ-MLII**


● *ကျောဖုံးမှ*

Victoria အသင်းက Mahar Burma အသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။ ရွှေပြည်သာယူနိုက်တက်နှင့် Avengers Junior အသင်းပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီ၊ Mar Rein အသင်းနှင့် TKA Stars အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အပတ်စဉ်(၁၆) ပွဲစဉ်များအပြီးတွင် Victoria အသင်းနှင့် SGF Youth အသင်းက ၄၁ မှတ်စီ၊ Mahar Burma က ၃၁ မှတ်၊ FFU Minmahaw အသင်းနှင့် Pacific Sun Far အသင်းတို့က ၂၉ မှတ်စီ၊ United City နှင့် Avengers Junior အသင်းတို့က ၂၄ မှတ်စီ၊ Jullniss FC က ၂၁ မှတ်၊ TKA Stars FC က ၁၉ မှတ်၊ Bushido FC က ၁၀ မှတ်၊ ရွှေပြည်သာယူနိုက်တက်နှင့် Mar Rein အသင်းတို့က လေးမှတ် အသီးသီးရရှိထားသည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁ - တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်သည်။ **မိုး/၈လ**









အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်

အပူဒဏ်အန္တရာယ်

- ရေဓာတ်ခန်းခြောက်ခြင်း၊
- အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)၊
- အသက်အန္တရာယ်ဖြစ်ခြင်း။



ဆောင်ရွက်ရန် -

- ရေများများသောက်ပါ၊
- အရိပ်ရချိအေးမြသောနေရာတွင်အနားယူပါ၊
- အပြင်သွားရလျှင် ထီး၊ ဦးထုပ်ဆောင်းပါ၊
- အရက်၊ ဘီယာ၊ ကော်ဖီနှင့် အချိုရည် လွန်ကဲစွာ သောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။

ရေရှားပါးမှုနှင့် ရေကြီးရေလျှံမှုကြောင့် မသန့်ရှင်းသောရေနှင့်အစားအစာများမှ ကူးစက်ဖြစ်ပွားနိုင်သောရောဂါများ

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊
- ဝမ်းကိုက်ရောဂါ၊
- အစာအဆိပ်သင့်ခြင်း၊
- တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါများ၊
- အရေပြား /မျက်စိ ရောဂါများ။



ဆောင်ရွက်ရန် -

- ဆူပွက်အောင်ကျိုချက်ထားသောရေ သို့မဟုတ် သန့်စင်ထားသောရေကိုသာ သောက်သုံးပါ၊
- ပူပူနွေးနွေးချက်ပြုတ်စားသောက်ပါ၊ ယင်နှားစာများကို မစားပါနှင့်၊
- လက်ကို ဆပ်ပြာနှင့်ရေသုံးပြီး စနစ်တကျ မကြာခဏ ဆေးကြောပါ။

ခြင်ပေါက်ပွားမှုများပြားခြင်းကြောင့် ဖြစ်ပေါ်သောကူးစက်ရောဂါများ

- သွေးလွန်တုပ်ကွေးရောဂါ၊
- ဂှက်ဖျားရောဂါနှင့်
- ခြင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ။



ဆောင်ရွက်ရန် -

- ခြင်နှင့်ပိုးဟပ်လမ်း ပေါက်ပွားနိုင်သောနေရာများကို ဖယ်ရှားပါ၊
- ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများကို အဖုံးလုံအောင် ပိတ်ထားပါ၊
- ခြင်ကိုက်ခံရမှုမှ ကာကွယ်နိုင်ရန် ခြင်ထောင် သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာအိပ်စက်ပါ။

ပူပြင်းခြောက်သွေ့မှုကြောင့် တောမီးလောင်ခြင်းနှင့်အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ

- ဖုန်မှုန့်နှင့် မီးခိုးငွေ့များကြောင့်
- ပန်းနာရင်ကြပ်၊
- ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း။



ဆောင်ရွက်ရန် -

- ဖုန်မှုန့်နှင့်မီးခိုးငွေ့များပြားချိန်တွင်
  - နာခေါင်းစည်းတပ်ဆင်ပါ၊
  - အိမ်တွင်းလေထုသန့်ရှင်းအောင် ထိန်းသိမ်းပါ၊
- တောမီးအန္တရာယ်သတိပြုပါ။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အယ်ဗာရက်ဇ်က အမ်ဘီလီကို အနိုင်ယူပြီး WBC စူပါမစ်ဒယ်ဝိတ်ချန်ပီယံခါးပတ် ဆွတ်ခူး



ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့တွင် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည့် WBC စူပါမစ်ဒယ်ဝိတ်ချန်ပီယံခါးပတ်လုပွဲတွင် ဆောလ်ကာနယ်လို အယ်ဗာရက်ဇ်က ခရစ္စတီယန် အမ်ဘီလီကို အနိုင်ယူကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၃၆ နှစ်အရွယ် မက္ကဆီကို လက်ဝှေ့သမား အယ်ဗာရက်ဇ်သည် ၆၉ ပွဲမြောက် ပရော်ဖက်ရှင်နယ်လက်ဝှေ့ပွဲကို ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ပါးနပ်သော ကာကွယ်မှုများနှင့် အားပါပြင်းထန်သည့် တန်ပြန်ထိုးချက်များကြောင့် အသာစီးရရှိကာ ဒိုင်များ၏ တညီတညွတ်တည်း အမှတ်ပေးမှုဖြင့် အမ်ဘီလီကို အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

လိုက်မစ်ဒယ်ဝိတ်၊ မစ်ဒယ်ဝိတ်၊ စူပါမစ်ဒယ်ဝိတ်၊ လိုက်ဟဗီးဝိတ်စသည့် ဝိတ်တန်းလေးခုချန်ပီယံဖြစ်သော အယ်ဗာရက်ဇ်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမားဘဝ ၆၉ ပွဲ ထိုးသတ်ထားရာတွင် ၆၄ ပွဲနိုင်၊ သုံးပွဲရှုံးနှင့် နှစ်ပွဲသရေကျ ထားသည်။ အယ်ဗာရက်ဇ်သည် ၎င်း၏ လက်ဝှေ့ကစားသမားဘဝတွင် ဖလွိုက် မေဝဲသား၊ ဒီမစ်ထရီဗောလ်၊ တဲရင့် ခရေ့ဖို့ဒ်တို့ကိုသာ ရှုံးနိမ့်ထားသည်။

အသက် ၃၁ နှစ်အရွယ် ကင်မရွန်း လက်ဝှေ့သမား အမ်ဘီလီသည် ပွဲပေါင်း ၃၁ ပွဲအတွင်း ပထမဆုံးအကြိမ် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့သည်။ ၎င်းသည် ဇန်နဝါရီလတွင် WBC စူပါမစ်ဒယ်ဝိတ်ချန်ပီယံဖြစ်လာပြီးနောက် ပထမဆုံးအကြိမ် ခါးပတ်ကာကွယ်ပွဲတွင် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ရမ္ဘတ်ကွာဟမှု ၂၈ မှတ်ဖြင့် ဘလွန်းဒီအောဆုကို ဟယ်ရီကိန်း ဆွတ်ခူးနိုင်ခဲ့



ဟယ်ရီကိန်းသည် ဒုတိယနေရာမှ ကီလီယန်အမ်ဘာပေကို ၂၈ မှတ် အသာဖြင့် ဘလွန်းဒီအောဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းမှာ ဘလွန်းဒီအောဆုပေးပွဲသမိုင်းတစ်လျှောက် ရမ္ဘတ်ကွာဟမှု အနည်းဆုံးဖြင့် အနိုင်ရရှိသည့် မှတ်တမ်းများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

ပွဲစီစဉ်သူများသည် အောက်တိုဘာ ၃၁ ရက်တွင် မဲပေးရလဒ် အရေအတွက်များကို ထုတ်ပြန်ခဲ့ရာ အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်းက ရမှတ် ၁၀၅၅ မှတ်၊ ရီးရဲမက်ဒရစ်နှင့် ပြင်သစ်တိုက်စစ်ကစားသမား အမ်ဘာပေက ၁၀၂၇ မှတ်ရရှိခဲ့ကြောင်း ဖော်ပြထားသည်။ ယင်းမှာ ၂၀၁၉ ခုနှစ်တွင် အာဂျင်တီးနားတိုက်စစ်ကစားသမား လီယွန်နယ် မက်ဆီက လီဗာပူးခံစစ်ကစားသမား ဗန်ဒိုက်ကို ၇ မှတ်အသာဖြင့် ဘလွန်းဒီအောဆု ဆွတ်ခူးရရှိပြီးနောက် ရမ္ဘတ်ကွာဟမှု အနည်းဆုံးဖြင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကစားသမား ဟယ်ရီကိန်းသည် ၂၀၁၁ ခုနှစ်က မိုက်ကယ်အိုဝင်နောက်ပိုင်း ဘလွန်းဒီအောဆုကို ဆွတ်ခူးနိုင်သည့် ပထမဆုံး အင်္ဂလန်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် ဟယ်ရီကိန်းသည် စတန်လေ မက်သရူး (၁၉၅၆)၊ ဘော်ဘီ ချာလ်တန် (၁၉၆၆)၊ ကီဗင်ကီးဂန်း (၁၉၇၈၊ ၁၉၇၉)နှင့် မိုက်ကယ်အိုဝင် (၂၀၀၁) တို့ပြီးနောက် ဘလွန်းဒီအောဆု ဆွတ်ခူးနိုင်သည့် ပဉ္စမမြောက် အင်္ဂလန်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ကမ္ဘာ့နံပါတ်(၁) ဇဲရက်ဗ် ဗီယင်နာအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ဒီမိနောကို ရှုံးနိမ့်

ကမ္ဘာ့နံပါတ်(၁) ဂျာမနီတင်းနစ်အကျော်အမော် အလက်ဇန္ဒြား ဇဲရက်ဗ်သည် ဗီယင်နာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ဩစတြေးလျ တင်းနစ်ကစား သမား အဲလက်စ်ဒီမိနောကို ရှုံးနိမ့်ကာ ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့ပြီဖြစ်သည်။

ဇဲရက်ဗ်သည် ဗီယင်နာအိုးပင်း ဆီမီးဖိုင်နယ်တွင် ဒီမိနောကို ၄-၆၊ ၆-၁၊ ၆-၇ (၄-၇) ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။ ၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ရုန်ဟိုင်းမာစတာပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့် အထိသာ တက်လှမ်းနိုင်ခဲ့ပြီး ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ထားသည်။

ဒီမိနောသည် ဗီယင်နာအိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် စပိန်တင်းနစ်အကျော်အမော် ကားလို့စ်အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

■ မိုးဇက်-စုစည်းရေးသားသည်

စီရော်နယ်ဒို၏ ကစားသမားဘဝ သွင်းဂိုးပေါင်း ၉၈၅ ဂိုးအထိ ရှိလာ



တိုက်စစ်မှူး ခရစ္စတီယာနို ရော်နယ်ဒိုသည် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၂) တွင် အယ်နာဆာက အယ်လ်ခိုလွတ်ဒ် အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်၌ ဟက်ထရစ်ဂိုးသွင်းယူပြီးနောက် ကစားသမားဘဝ တစ်လျှောက် သွင်းဂိုးပေါင်း ၉၈၅ ဂိုးအထိ ရှိလာပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် နီးကပ်လာပြီဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို အောက်တိုဘာ ၃၀ ရက် နံနက်အစောပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး အသင်းဖော် ဂျာအို ဖီးလစ်လည်း ခြေစွမ်းပြသကာ ဂိုးဖန်တီးမှု လေးကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်။ အသက် ၄၁ နှစ်အရွယ် စီရော်နယ်ဒို၏ အဆိုပါ ဟက်ထရစ်သည် ကစားသမားဘဝ တစ်လျှောက်တွင် ၆၇ ကြိမ်မြောက်ရရှိသော ဟက်ထရစ် ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် အဆိုပါ ဟက်ထရစ်မှာ အယ်နာဆာအသင်းအတွက် ခုနစ်ကြိမ်မြောက် ရရှိသော ဟက်ထရစ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဘလွန်းဒီအောဆုကို ငါးကြိမ်ဆွတ်ခူးရရှိထားသော စီရော်နယ်ဒိုသည် အင်္ဂလန်၊ စပိန်၊ အီတလီနှင့် ဆော်ဒီအာရေဗျတို့တွင် လိဂ် ဖလားများစွာကို ဆွတ်ခူးရရှိထားသူ ဖြစ်သည်။ အယ်နာဆာသည် ၂၀၂၅-၂၀၂၆ ရာသီတွင် ဆော်ဒီပရိုလိဂ်အမှတ်ပေးဖလားကို လေးကြိမ်မြောက် ဆွတ်ခူးရရှိထားသည်။

အယ်နာဆာအသင်းသည် ယခုနှစ်ရာသီ ပွဲစဉ် (၁၂) အပြီးတွင် ရမှတ် ၂၈ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၃) ၌ ရပ်တည်နေသည်။

UFC ချန်ပီယံ မာခါချက်ဗ်က အနားယူမည့် အစီအစဉ်ကို အတည်ပြု

UFC ဝဲလ်တာဝိတ်ချန်ပီယံ အစ္စလာမ် မာခါချက်ဗ်သည် လာမည့်ပွဲစဉ်မှာ ၎င်း၏ နောက်ဆုံးပွဲစဉ်များထဲမှ တစ်ပွဲဖြစ်ကြောင်း ပြောသည်။

အသက် ၃၅ နှစ်အရွယ် ရုရှားနိုင်ငံသား မာခါချက်ဗ်သည် ဩဂုတ်



လတွင် အီယန်မာချာဒိုဂယ်ရီကို အနိုင်ရရှိကာ ၎င်း၏ ဝဲလ်တာဝိတ်ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။ ၎င်းသည် UFC သမိုင်းတစ်လျှောက်တွင် ၁၇ ပွဲဆက် နိုင်ပွဲရရှိပြီး စံချိန်သစ်တင်ထားသူ ဖြစ်သည်။

၎င်းသည် လိုက်ဝိတ်ကမ္ဘာ့ချန်ပီယံဟောင်း အန်ဒါဆန်ဆေးဘားလ်၏ ၁၃ နှစ်ကြာ အရှည်ကြာဆုံး နိုင်ပွဲဆက်ရရှိမှုစံချိန်ကို ချိုးဖျက်ကာ မှတ်တမ်းသစ် ရေးထိုးခဲ့ခြင်း ဖြစ်သည်။ မာခါချက်ဗ်က ဘရာဇီးနိုင်ငံသား ကားလို့စ် ပရာတေးစ်နှင့် အီကွေဒေါနိုင်ငံသား မိုက်ကယ် မိုရာလက်စ်ပွဲစဉ်မှ အနိုင်ရရှိမည်သူနှင့် ယှဉ်ပြိုင်ထိုးသတ်ကာ ကမ္ဘာ့အကောင်းဆုံးဖိုက်တာဖြစ်ကြောင်း ထပ်မံသက်သေပြချင်ကြောင်း ပြောသည်။

ပရာတေးစ်နှင့် မိုရာလက်စ်တို့သည် လာမည့် ဧန်နဝါရီ ၃၀ ရက်တွင် ကျင်းပမည့် UFC 336 ပြိုင်ပွဲတွင် ကြားဖြတ်ဝဲလ်တာဝိတ်ခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

ဝိတ်တန်းနှစ်ခုချန်ပီယံ မာခါချက်ဗ်သည် ပွဲပေါင်း ၃၀ ထိုးသတ်ထားပြီး ၂၉ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပြီးနောက် UFC သမိုင်းတစ်လျှောက်တွင် အကောင်းဆုံးဖိုက်တာများထဲမှ တစ်ဦးအဖြစ် သတ်မှတ်ခြင်း ခံထားရသူ ဖြစ်သည်။

ကွမ်ကျိုးအိုးပင်းနောက်ဆုံးဗိုလ်လုပွဲတွင် ဖြိတိန်တင်းနစ်မယ် ဟယ်ရီယက်ဒတ်သ် အနိုင်ရဗိုလ်စွဲ

ဖြိတိန်တင်းနစ်မယ် ဟယ်ရီယက်ဒတ်သ်သည် နိုဝင်ဘာ ၁ ရက်တွင် ကျင်းပခဲ့သည့် ကွမ်ကျိုးအိုးပင်း တင်းနစ်အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဩစတြီးယားတင်းနစ်မယ် လီလီတက်ဂါ ကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၄-၆၊ ၆-၃၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ကွမ်ကျိုးအိုးပင်းတင်းနစ်ပြိုင်ပွဲသည် ဒဗလျူတီအေ ၂၅၀ အဆင့် ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး လင်နက်တီ၊ ဆွန်မက်ဇ်၊ ဘွန်ဒါ စသည့် နာမည်ကြီး တင်းနစ်မယ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ကမ္ဘာ့အဆင့် ၁၁၅ တွင် ရပ်တည်နေသော အသက် ၃၀ အရွယ် ဒတ်သ်သည် အမ်မာ ရာဒုကာနူ၊ ဆူးဘာကာတို့ကဲ့သို့ အိုးပင်းအီရာတွင် ဖလားဆွတ်ခူးနိုင်သည့် ၁၄ ဦးမြောက် ဖြိတိန်တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။



၎င်းသည် ကွမ်ကျိုးအိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် အဆင့် (၁၀၀) အတွင်း ဝင်ရောက်နိုင်တော့မည် ဖြစ်သည်။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Verb (ကြိယာ) များနဲ့ပတ်သက်ပြီး Kinds of Verbs (ကြိယာအမျိုးအစားများ) အကြောင်းကို ရှင်းလင်းချက်များ နမူနာဝါကျများနဲ့ ပြည့်ပြည့်စုံစုံလေး ဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about airport English–4 (လေဆိပ်မှာ ဘယ်လိုပြောမလဲ)ကို ထင်းခနဲ့ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်)အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ သီတင်းကျွတ်အခါသမယမှာ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

GRAMMAR

Basic to Intermediate

Exercise (3) မှအဖြေများ

1. Which ball is **bigger**, yours or mine?
2. My writing is **worse** than yours.
3. Who is the **tallest** boy in this class?
4. He is the **faster** of the two runners.
5. Which is **better**, this painting or that one?
6. Mr Wang is the **wealthiest** man in this town.
7. I think this is the **thicker** end of the pole.
8. I enjoyed the match last evening; the **better** team won.
9. His dog is **fiercer** than yours.
10. Which is **nearer** to the earth, the moon or the sun?
11. The whale is the **largest** animal in the world.
12. Both the roads lead to the railway station; that one is the **shorter** of the two.

Common Transitive Verbs

ဗဟုသုတဖြစ်ဖွယ် Grammar အပိုင်းမှာတော့ အရင်ကဖော်ပြခဲ့တဲ့ Verbs (ကြိယာ)တွေအကြောင်းကို ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။

အသုံးများသည့် v.t (Verb Transitive) များ

11. answer = ဖြေဆိုသည်။
12. appoint = ခန့်အပ်သည်။ တာဝန်ပေးသည်။
13. approach = ချဉ်းကပ်သည်။
14. arm = လက်နက်တပ်ဆင်သည်။
15. arouse = နှိုးဆော်သည်။
16. arrange = စီစဉ်သည်။
17. arrest = ဖမ်းဆီးသည်။
18. ascend = တက်သည်။
19. ask = မေးသည်။
20. attack = တိုက်ခိုက်သည်။
21. attach = တွဲချည်သည်။ ပူးတွဲသည်။ တွဲကပ်သည်။
22. attempt = ကြိုးပမ်းသည်။ ကြိုးစားသည်။
23. attend = တက်ရောက်သည်။
24. back = ထောက်ခံသည်။
25. bear = သယ်ပိုးသည်။
26. beat = ရိုက်သည်။ ထုသည်။
27. become = ဖြစ်လာသည်။
28. beg = တောင်းပန်သည်။
29. bet = လောင်းကစားသည်။
30. betray = သစ္စာဖောက်သည်။
31. bid = လေလံပွဲတွင် စျေးပြိုင်ပေးသည်။ နှုတ်ခွန်းဆက်သည်။
32. bite = ကိုက်သည်။
33. blame = အပြစ်တင်သည်။
34. blow = မှုတ်သည်။
35. break = ချိုးသည်။ ကွဲသည်။
36. bring = ယူလာသည်။
37. broadcast = အသံလွှင့်သည်။
38. build = တည်ဆောက်သည်။
39. burn = မီးလောင်သည်။
40. buy = ဝယ်သည်။
41. cast = ပုံသွန်းလောင်းသည်။ သရုပ်ဆောင်ရွေးသည်။ အရိပ်ကျသည်။
42. catch = ဖမ်းသည်။
43. change = ပြောင်းလဲသည်။
44. chase = လိုက်သည်။
45. cheat = လိမ်သည်။ လှည့်ဖြားသည်။
46. check = ဟန့်တားသည်။ စစ်ဆေးသည်။
47. choose = ရွေးချယ်သည်။
48. clip = ဖြတ်သည်။ ညှပ်သည်။ တိသည်။
49. comb = ခေါင်းဖြီးသည်။
50. contain = ပါသည်။ ပါဝင်သည်။
51. continue = ဆက်လက်လုပ်သည်။ ဆက်ဖြစ်သည်။
52. cook = ချက်ပြုတ်သည်။
53. copy = စာကူးသည်။ မိတ္တူပွားသည်။
54. cost = ကုန်ကျသည်။
55. cover = ဖုံးအုပ်သည်။
56. cross = ဖြတ်သွားသည်။ ကန့်လန့်ဖြတ်သည်။
57. cut = ဖြတ်သည်။ လှီးသည်။
58. describe = ဖော်ပြသည်။
59. dictate = နှုတ်တိုက်ပြောသည်။
60. dig = တူးသည်။
61. direct = ညွှန်ကြားသည်။
62. divide = ခွဲခြမ်းသည်။ စိတ်ပိုင်းသည်။
63. draw = ရေးဆွဲသည်။
64. drive = မောင်းသည်။
65. drown = နစ်မြုပ်သည်။
66. eat = စားသည်။
67. enter = ဝင်သည်။ စာရင်းသွင်းသည်။
68. feed = ကျွေးမွေးသည်။
69. feel = ခံစားသည်။ စမ်းကြည့်သည်။
70. find = တွေ့သည်။
71. fix = တပ်ဆင်သည်။ စွဲမြဲသည်။
72. follow = နောက်ကလိုက်သည်။
73. forbit = တားမြစ်သည်။
74. forget = မေ့သည်။
75. forgive = ခွင့်လွှတ်သည်။
76. gain = မြတ်စွန်းသည်။ တိုးပွားသည်။
77. get = ရသည်။
78. give = ပေးသည်။
79. hang = ချိတ်ဆွဲသည်။ လှန်းသည်။
80. hate = မုန်းသည်။

VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **Burn the candle at both ends = (အလုပ်များလွန်းသည်။)**
   She's **burning the candle at both ends.**
   သူ (မ)ကအလုပ်များနေတယ်။
2. **burn the midnight oil = (ညနက်အထိ အလုပ်လုပ်သည်။ စာကျက်သည်။)**
   Students **burn the midnight oil.**
   ကျောင်းသားတွေဟာ ညနက်အထိ စာကျက်လေ့ရှိတယ်။
3. **burst into tears = (ငိုချလိုက်သည်။)**
   She **burst into tears.**
   သူ (မ) ငိုချလိုက်တယ်။

(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။
နောက်တစ်ပတ်မှာ ဖြန့်လည်ဆုံတွေ့ကြပါစို့)

CONVERSATION

Shortest way to talk about airport English–4 (လေဆိပ်မှာ ဘယ်လိုပြောမလဲ)

ဒီတစ်ပတ်မှာတော့ လေယာဉ်ပေါ်မှာ ကြုံတွေ့နိုင်တဲ့ အဆင်မပြေမှုတွေကို ဘယ်ပုံဘယ်နည်း ပြောဆို သုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about airport English–4" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

- *Would it be alright if …*
- *I'd prefer to + Vinf …*
- *Can I help you?*
- *I'm very sorry.*
- *We can offer you …*

၁။ ကျွန်တော်တစ်ခုခု …. မယ်ဆိုရင် အဆင်ပြေလားဆိုပြီးမေးတဲ့အခါမှာ ဒီလိုမျိုး ပြောဆိုသုံးနှုန်း နိုင်ပါတယ်။

- **Would it be alright if we put your bag in the overhead locker?**

၂။ ကိုယ့်အနေနဲ့ ..... ရတာ ပိုပြီးသဘောကျတယ်ဆိုပြီး ပြောချင်ရင်တော့

- **I'd prefer to keep my bag with me.**

၃။ ဘာများကူညီရမလဲဆိုပြီး မေးရင်တော့ ဒီလို မေးနိုင်ပါတယ်

- **Can I help you?**

၄။ အလွန်စိတ်မကောင်းပါဘူး။ တောင်းပန်ပါတယ် ဆိုရင်တော့ I'm very sorry ဆိုပြီး ပြောနိုင်ပါတယ်။ ကိုယ့်ဘက်က သူ့ရဲ့လိုအပ်ချက်၊ တောင်းဆိုချက်၊ မှာကြားချက်တွေကို မဖြည့်ဆည်းပေးနိုင်တဲ့အခါမှာ ပြောလေ့ရှိပါတယ်။ ဥပမာ

- **I'm very sorry about that!**

၅။ တစ်ခုခုကို ကမ်းလှမ်းပါတယ်လို့ ပြောရင်တော့–

- **We can offer you an upgrade to business class.**

On the plane

Flight Attendant: Excuse me, sir? **Would it be alright if we put your bag in the overhead locker?**

Passenger: Erm … well … **I'd prefer** to keep it with me.

Flight Attendant: It's just that you're sitting in an emergency exit row. We can't have anything on the floor.

Passenger: Okay, do what you must.

Flight Attendant: I also need to ask you toraise your window blind and make sure your seat back is in the upright position for take–off.

Passenger: Why do I have to do all this?

Flight Attendant: It's standard procedure for take–off, sir. You can recline your seat and take your bag down once we're airborne. **During take–off and landing, there are certain things you have to do.**

လေယာဉ်ပျံတက်တဲ့အချိန်နဲ့ ဆင်းတဲ့အချိန်မှာ ကိုယ်လုပ်ရမယ့်ကိစ္စ တချို့ကတော့

- **Fasten your seat belt.**
  ခါးပတ်ကို တင်းတင်းလေးပတ်ထားပါ။
- **Stow your tray table.**
  ကိုယ့်ရှေ့မှာရှိတဲ့ ဖြန့်ထားတဲ့စားပွဲခုံကို ပြန်သိမ်းပါ။
- **Raise your window blind.**
  လေယာဉ်ပြတင်းပေါက် အကာကို မတင်ပါ။
- **Move your seat back to the upright position.**
  ထိုင်ခုံကိုမတ်မတ်အနေအထားနဲ့ ထားပါ။
- **Stow your luggage in the overhead locker or under the seat in front of you.**
  ခေါင်းပေါ်ပစ္စည်းထားတဲ့အခန်း သို့မဟုတ် ကိုယ့်ရှေ့ခုံအောက်ထဲမှာ ပစ္စည်းတွေကိုထားပါ။

ဒီဂျစ်တယ်နည်းပညာအသုံးပြု နိုင်ငံတကာအစားအစာ ကုန်သွယ်မှုဆီသို့ ...

ဒေါက်တာဝေရိုလင်း (စားသုံးသူရေးရာဦးစီးဌာန)

ယနေ့ခေတ်ကာလတွင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုသည် နိုင်ငံအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း ပို၍ ထင်ရှားလာသည်။

ကုန်သွယ်မှုကဏ္ဍ တိုးချဲ့လာသည်နှင့်အမျှ စားသုံးသူများ၏ ကျန်းမာရေးဘေးကင်းလုံခြုံမှု၊ တိရစ္ဆာန်နှင့် အပင်များတွင် ကျရောက်တတ်သော ရောဂါဘေးအန္တရာယ်များ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အပါအဝင် လိုအပ်ချက်များသည် အထူးပင် မြင့်မားလာရာ မဖြစ်မနေလိုက်နာရသည့် လူ၊ အပင်၊ သတ္တဝါ သန့်ရှင်းမှုနှင့် ကျန်းမာရေးဆိုင်ရာ အစီအမံများ (Sanitary and Phytosanitary Measures – SPS) က နိုင်ငံတကာအစားအစာ ကုန်သွယ်မှုတွင် ပိုမိုအလေးထားရသော စံနှုန်းများ ဖြစ်လာသည်။

နည်းပညာနှင့် အရင်းအမြစ်လိုအပ်ချက်များ

ရာသီဥတုပြောင်းလဲမှုကြောင့် ခေတ်သစ်ကမ္ဘာ့အစားအစာ ကုန်သွယ်ရေးဝန်းကျင်သည် ပိုးမွှားနှင့် ရောဂါပုံစံများ ပြောင်းလဲလာခြင်း၊ အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာ အန္တရာယ်များ ပိုမို ဆန်းပြားလာခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းလာခြင်းတို့ကြောင့် ပိုမိုရှုပ်ထွေးလာသည်။ အထူးသဖြင့် ကမ္ဘာ့ဈေးကွက်ကြီးများ၏ နည်းပညာဆိုင်ရာ ဖြည့်ဆည်းရမည့် စံချိန်စံညွှန်းများကို အဓိကိုက်ရန် ခက်ခဲသော နည်းပညာနှင့် အရင်းအမြစ်လိုအပ်ချက်များ ရှိနေဆဲဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် တောင်သူယင်များအတွက် ဈေးကွက်ပိတ်ဆို့မှုများ ကြုံတွေ့ရလေ့ရှိသည်။

တိထွင်ဆန်းသစ်မှုသည် နည်းပညာဆိုင်ရာ ဆန်းသစ်မှုများသာမက လူမှုရေးဆိုင်ရာ ချဉ်းကပ်မှုများ၊ အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းပုံများ၊ စည်းမျဉ်းစည်းကမ်းပြုပြင်ပြောင်းလဲမှုများ၊ ဘဏ္ဍာရေးဆိုင်ရာ ယန္တရားများနှင့် လူသားတို့၏အပြုအမူဆိုင်ရာ ပြောင်းလဲမှုများအားလုံးပါဝင်သည်။ ကမ္ဘာပေါ်တွင် ရှိနှင့်ပြီးသား ဖြေရှင်းချက်များကို ဒေသန္တရအခြေအနေများ၊ အသုံးပြုသူများ၏ စွမ်းဆောင်ရည်များနှင့် ကိုက်ညီအောင် ပြုပြင်မွမ်းမံပြီး လက်တွေ့ကျကျ အသုံးချခြင်းလည်းဖြစ်သည်။

ထိရောက်သော ဆန်းသစ်မှုများသည် စိတ္တဇ သဘောတရားများမျှသာမဟုတ်ဘဲ ခိုင်မာသော အထောက်အထားများအပေါ်အခြေခံကာ ဒေသတွင်း ပကတိအခြေအနေများကို တုံ့ပြန်နိုင်စွမ်းရှိရန် လိုအပ်ပြီး အထူးသဖြင့် **“အားလုံးပါဝင်နိုင်သော တီထွင်ဆန်းသစ်မှု”** သည် အလွန်အရေးကြီးပါသည်။ ထိုဆန်းသစ်မှုများ၏ အကျိုးကျေးဇူးများသည် လုပ်ငန်းကြီးများဆီသို့သာမက ကွင်းဆင်းတစ်ခုလုံး၏ အခြေခံလူတန်းစားများဖြစ်သော လယ်သမား ငယ်များ၊ အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများထံသို့ပါ သက်ရောက်နိုင်ရမည်ဖြစ်ပါသည်။

နည်းပညာတိုးတက်လာမှုကြောင့် ဒီဂျစ်တယ်နှင့် ဒေတာအခြေပြု SPS အထောက်အထားများ၏ SPS ဆိုင်ရာ ဘေးအန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်း၊ စံချိန်စံညွှန်းကိုက်ညီမှုကို စီမံခန့်ခွဲခြင်းနှင့် နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက် ဖလှယ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို လုံးဝပြောင်းလဲစေခဲ့သည်။ ဒီဂျစ်တယ်စနစ်ဖြင့် ပိုးမွှားစောင့်ကြည့်လေ့လာရာတွင် စမတ်ဖုန်းများနှင့် တက်ဘလက်များကိုအသုံးပြုကာ လယ်ကွင်းအတွင်းမှ ဒေတာများကို ဗဟိုဒိုင်ခွက်ဆီသို့ တိုက်ရိုက်ပေးပို့ခြင်းဖြင့် ပိုးမွှားအန္တရာယ်များကို ပိုမိုမြန်ဆန်စွာ တုံ့ပြန်နိုင်စေသည်။ ဥပမာအားဖြင့် အာရှ–ပစိဖိတ်ဒေသတွင် ဤစနစ်ဖြင့် ဒေသတွင်း စောစီးစွာသတိပေးစနစ်ကို အားကောင်းစေခဲ့သည်။

နိုင်ငံတကာစံနှုန်းများ

ထိုအတူ အီလက်ထရောနစ် လက်မှတ်ထုတ်ပေးခြင်းစနစ် (ePhyto/eVet) သည် နိုင်ငံအဆင့် အမျိုးသားစနစ်များအကြား လုံခြုံစိတ်ချရပြီး စက္ကူမဲ့ဖြစ်ကာ နိုင်ငံတကာစံနှုန်းများနှင့်ညီညွတ်သော လက်မှတ်များကို တိုက်ရိုက်ဖလှယ်ခွင့်ပြုသဖြင့် ကုန်သွယ်မှု ကြာမြင့်ချိန်နှင့် ကုန်ကျစရိတ်ကို သိသိသာသာ လျော့ချပေးနေပြီဖြစ်ပါသည်။ ထို့ပြင် ဇီဒီယိုရုပ်သံများနှင့် ဒီဂျစ်တယ်မှတ်တမ်းများကို ပေါင်းစပ်ထားသည့်အဝေးမှနေ၍ စစ်ဆေးခြင်း စနစ်သည် လူကိုယ်တိုင်သွားရောက်ရမည့် ခရီးနှင့် ကြန့်ကြာမှုများကို လျော့ချပေးနိုင်သဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခုစလုံး၏ အရင်းအမြစ်များ ထိရောက်စွာ အသုံးချနိုင်မှုနှင့် ထိရောက်မှုရှိစေ ပါသည်။

> ❐ **SPS စနစ်များ၏ အကျိုးကျေးဇူးများကို လယ်သမားငယ်များ၊ MSMEs များ၊ အမျိုးသမီးများနှင့် လူငယ်များအထိ ခံစားရရှိစေရေးဖော်ဆောင်ပေးနိုင်ရန် အားလုံးပါဝင်နိုင်သော လူမှုရေးဆိုင်ရာ ဆန်းသစ်မှုများက အရေးပါလျက်ရှိ၊ အင်တာနက်လိုင်းအမြန်နှုန်း အနည်းငယ်သာလိုအပ်သော ဒီဂျစ်တယ်မိုဘိုင်းအကြေးပေးဝန်ဆောင်မှုသည် တောင်သူများလိုအပ်သည့်အချိန်တွင် SPS ဆိုင်ရာ သတ်မှတ်ချက်များကို အလွယ်တကူရရှိစေသည်**
>
> ❐ **ထိရောက်သော SPS စနစ်များသည် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများအပေါ်သာမက ပွင့်လင်းမြင်သာမှုရှိပြီး အထောက်အထားအခြေပြုသော ခိုင်မာသည့် စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်များအပေါ်တွင်လည်း တည်မှီနေရာ စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာတွင် ဆန်းသစ်မှုများလို**

ဝေးလံခေါင်သီပြီး ဝန်ဆောင်မှုမပြည့်ဝသော ဒေသများအထိ လိုက်လံလုပ်ဆောင်ပေးသည့် ရွေ့လျားဓာတ်ခွဲခန်း ဝန်ဆောင်မှုများသည်လည်း SPS ဆိုင်ရာ စစ်သပ်စစ်ဆေးမှုလုပ်ငန်းများကို မြန်ဆန်စေပြီး ကြန့်ကြာမှုနှင့် ကုန်ကျစရိတ်ကို များစွာလျော့ချပေးပါသည်။

စိုက်ပျိုးထုတ်လုပ်မှုအဆင့်နှင့် စိုက်ပျိုးရေး နည်းပညာဆိုင်ရာ ဆန်းသစ်မှုများအနေဖြင့် SPS ဘေးအန္တရာယ်အများစုသည် လယ်ယာ၊ စိုက်ပျိုးရေး ခြံများနှင့် ကုန်စည်ပြုပြင် ထုတ်လုပ်သည့်အဆင့် များတွင် စတင်လေ့ရှိသဖြင့် စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများနှင့် နည်းပညာများကို ဆန်းသစ်တီထွင်ရန်လိုအပ်သည်။ ဓာတုပိုးသတ်ဆေး အကြွင်းအကျန်များလျော့ချရန် ဇီဝထိန်းချုပ်မှုများအသုံးပြုရာတွင် စိုက်ပျိုးထုတ်လုပ်မှု၏ အစောပိုင်းကာလတွင်သာသမားရိုးကျပိုးသတ်ဆေး များကိုအသုံးပြုပြီး ရိတ်သိမ်းခါနီးအချိန်များတွင် ဇီဝပိုးသတ်ဆေး သို့မဟုတ် ဇီဝထိန်းချုပ်ပစ္စည်းများကို ပြောင်းလဲအသုံးပြုခြင်းဖြင့် ကုန်စည်ငြင်းပယ်ခံရမည့် အန္တရာယ်ကို လျော့ချပေးနိုင်သည်။

အလားတူပင် ကိုကိုးသီးနှံတွင် ကက်ဒမီယမ် ဓာတ်ညစ်ညမ်းမှုကို လျော့ချရန်အတွက် သယ်ဆောင်ရလွယ်ကူသော X-ray Fluorescence Spectrometer– XRF ကိရိယာများဖြင့် မြေဆီလွှာနှင့် သီးနှံတို့ရှိ သတ္တုဓာတ်ပါဝင်မှုကို ကွင်းဆင်း စစ်ဆေးပြီး အန္တရာယ်ရှိသောနေရာများကို မြေပုံညွှန်း ရေးဆွဲခြင်းဖြင့် ကြိုတင်ကာကွယ်မှုများကို လက်တွေ့ ဖော်ဆောင်နိုင်ပါသည်။

SPS စနစ်များ၏ အကျိုးကျေးဇူးများကို လယ်သမားငယ်များ၊ MSMEs များ၊ အမျိုးသမီးများနှင့် လူငယ်များအထိ ခံစားရရှိစေရေးဖော်ဆောင်ပေးနိုင်ရန် အားလုံးပါဝင်နိုင်သော လူမှုရေးဆိုင်ရာ ဆန်းသစ်မှုများက အရေးပါလျက်ရှိပါသည်။ အင်တာနက်လိုင်းအမြန်နှုန်း အနည်းငယ်သာလိုအပ်သော ဒီဂျစ်တယ်မိုဘိုင်းအကြေးပေးဝန်ဆောင်မှုသည် တောင်သူများလိုအပ်သည့်အချိန်တွင် SPS ဆိုင်ရာ သတ်မှတ်ချက်များကို အလွယ်တကူရရှိစေသည်။

ဆီနီဂေါနိုင်ငံ၏ ဟင်းသီးဟင်းရွက်ကုန်ထုတ်လုပ်မှုကဏ္ဍတွင်လည်း အမျိုးသမီးစိုက်ပျိုးထုတ်လုပ်သူ အစုအဖွဲ့ပုံစံများကို အသုံးပြုကာ လျော့ချပေးပြီး နိုင်ငံတကာ စည်းမျဉ်းအပြောင်းအလဲများကို ပွင့်လင်းမြင်သာစွာ သိရှိစေပါသည်။

SPS ရင်းနှီးမြှုပ်နှံမှုများ

ထို့ပြင် အစိုးရ၏ကြီးကြပ်မှုအောက်တွင် တရားဝင်အသိအမှတ်ပြုထားသော ပုဂ္ဂလိက တတိယအဖွဲ့အစည်းများက စံချိန်စံညွှန်းကိုက်ညီမှု စစ်ဆေးပေးသည့် ပုဂ္ဂလိကအာမခံချက်ပေးခြင်း (voluntary Third–Party Assurance vTPA) စနစ်သည် ပြည်သူ့အရင်းအမြစ်များကို ပိုမိုထိရောက်စွာ အသုံးချနိုင်ပါသည်။ ဂမ်ဘီယာနိုင်ငံတွင် ဈေးကွက်ရရှိရေးအတွက် SPS ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးသတ်မှတ်ခြင်း (Prioritizing SPS Investments for Market Access P–IMA) မူဘောင်ကိုသုံး၍ သီဟိုဠ်ဧစေ့ ပို့ကုန်ကဏ္ဍကို ဦးစားပေးရင်းနှီးမြှုပ်နှံခဲ့ရာ အဓေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံမှုမှ ဒေါ်လာ ၅၂ သန်းအထိ ပြန်လည်ရရှိနိုင်ကြောင်း သက်သေပြနိုင်ခဲ့ပြီး စမတ်ကျသော ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များကို လမ်းညွှန်ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ရာသီဥတုပြောင်းလဲမှုသည် ပိုးမွှားများနှင့် ရောဂါအန္တရာယ်များကို ခန့်မှန်းရခက်ခဲစေသဖြင့် ရာသီဥတုဆိုင်ရာဆန်းသစ်သော ချဉ်းကပ်မှုများသည် မဖြစ်မနေလိုအပ်လာသည်။ သဘာဝပတ်ဝန်းကျင်အပေါ် တာဝန်ယူမှုရှိသော ပိုးမွှားစီမံခန့်ခွဲမှုတွင် အိုဇုန်းလွှာကို ပျက်စီးစေသော မီသိုင်းဘရိုမိုက်အစား အပူပေးစနစ်ဖြင့် ပိုးသတ်ခြင်း စံလုပ်ထုံးလုပ်နည်းများကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ချပေးသည်။ ထို့အတူ ရာသီဥတုပြောင်းလဲမှုနှင့်အညီ စောင့်ကြည့်စစ်ဆေးမှု ပရိုတိုကောများကိုမွမ်းမံ၍ ကုန်သွယ်မှုနှင့် လယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမပြတ်တောက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

SPS စနစ်များ တိုးတက်ပြောင်းလဲရန်အတွက် နည်းပညာနှင့် အရင်းအမြစ်များ ရရှိရုံမျှဖြင့် မလုံလောက်ဘဲ တွေးခေါ်မြော်မြင်မှုပုံစံ၊ စဉ်ဆက်မပြတ် လေ့လာသင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် မူဝါဒချမှတ်သူများနှင့် စည်းကမ်းထိန်းသိမ်းရေးသမားများသည် ဆန်းသစ်သော တွေးခေါ်မှုများကို အမျိုးသားမဟာဗျူဟာများနှင့် စည်းမျဉ်းများတွင် ထည့်သွင်းရန်၊ SPS ဆိုင်ရာ အာဏာပိုင်များက ဒေသတွင်းနှင့်ကိုက်ညီပြီး စမ်းသပ်အောင်မြင်သည့် ဖြေရှင်းချက်များကို ဦးစားပေးတိုးချဲ့ရန် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အစိုးရနှင့်အတူ အချက်အလက်များ မျှဝေပြီး ကွင်းဆက်တစ်လျှောက် စံချိန်စံညွှန်းကိုက်ညီအောင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကာ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များနှင့် အလျှူရှင်များသည် ရာသီဥတုနှင့် အားလုံးပါဝင်နိုင်မှုကို အလေးထား၍ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပုံပိုးမှုများကို ဆက်လက်လုပ်ဆောင်သွားရန် လေ့လာမှုများက ထောက်ခံအကြံပြုထားပါသည်။

ပြောင်းလဲလာသော ကမ္ဘာ့ကုန်သွယ်ရေး ဝန်းကျင်တွင် တီထွင်ဆန်းသစ်မှုသည် မဖြစ်မနေ လျှောက်လှမ်းရမည့် လမ်းစဉ်ဖြစ်၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများနှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီသော ကုန်သွယ်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။

အဓိကကျမ်းကိုး– STDF,2026 Innovations for Safe Trade: Driving SPS Capacity, Inclusion and Market Access ကို အဓိက ဖိုငြမ်းပါသည်။

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်မှုအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသခြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌ သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၃၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၂၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၁၅၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၃၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၂၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၁၅၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမဲ့အနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်း ရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်းရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။
ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉
မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ဂုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၃၃၀၊ ၀၅၈-၂၀၂၃၅၃၃

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဝဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၅၉၃၉၊ ၀၅၂-၂၂၀၅၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၆၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၃၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၅၅၀၊ ၀၈၁-၂၁၄၄၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၅၉၃၊ ၀၄၂-၂၀၂၅၅၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မခံမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မခံမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိုယ်စိုမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွေးတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းနိုင်လုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက် ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

PDF Game
ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အခြေခံဝမ်းစာဖူလုံရေးမှသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးမည့် ကြက်မွေးမြူရေး

ကိုအောင် (ထုတ်လုပ်)



ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း စီးပွားဖြစ် တိုင်းရင်းကြက်များ မွေးမြူထားသည်ကို တွေ့ရစဉ်။

မနက်ခင်း နေရောင်ခြည် မပွင့်တပွင့်အချိန်၊ ရန်ကုန်မြို့၏ စည်ကားလှသော ဈေးကြီးများထဲတွင် ကုန်တင်ကားကြီးများ တန်းစီဝင်ရောက်လာကြသည်။ ထိုကားကြီးများပေါ်တွင် အကန့်လိုက်၊ အထပ်လိုက် စီရီထားသော ကတ်ထူဖာများထဲ၌ နိုင်ငံတစ်ဝန်းမှထွက်ရှိလာသည့် လတ်ဆတ်သော ကြက်ဥများပါဝင်သည်။ အခြားတစ်ဖက်တွင်လည်း ရပ်ကွက်ဈေးများရှိ သားငါးတန်းများ၌ အိမ်ရှင်မများက မိသားစုထမင်းပိုင်းအတွက် ကြက်သားကို ရွေးချယ်ဝယ်ယူနေကြသည်။ ဤမြင်ကွင်းများသည် ကျွန်ုပ်တို့ နေ့စဉ်ကြုံတွေ့နေကျ ရိုးရှင်းသောပုံရိပ်များဖြစ်သော်လည်း ယင်းတို့၏ နောက်ကွယ်တွင်မူ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို တိတ်တဆိတ် မောင်းနှင်နေသည့် အလွန်ကြီးမားသော ယန္တရားကြီးတစ်ခုရှိနေပါသည်။ ထိုယန္တရားကား နိုင်ငံလူဦးရေ၏အများစုမှီခိုနေရသော စိုက်ပျိုးမွေးမြူရေးကဏ္ဍပင်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ အဓိကအကျဆုံးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်ကြသည်။ မြေဆီလွှာကိုအားပြု၍ အပင်စိုက်ပျိုးခြင်းနှင့် သက်ရှိတိရစ္ဆာန်များကို ပြုစုပျိုးထောင်ခြင်းသည် စာရွက်ပေါ်ရှိ ကိန်းဂဏန်းများသက်သက်မဟုတ်ဘဲ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို လက်တွေ့ကျကျ အကျိုးပြုနေသည့် အသက်သွေးကြောများဖြစ်သည်။ အထူးသဖြင့် နေ့စဉ် မပါမဖြစ်စားသုံးနေရသော ကြက်ဥနှင့် ကြက်သား မွေးမြူထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်း စားရေရိက္ခာဖူလုံရေးအတွက်သာမက စနစ်တကျသာ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည့် ရွေတွင်းကြီးတစ်ခုအဖြစ် ရပ်တည်နေပါသည်။

မည်သည့်စီးပွားရေးလုပ်ငန်းကိုမဆို စတင် ရာတွင် ဈေးကွက်၏ လိုအပ်ချက် (Demand)ကို တိကျစွာတွက်ချက်နိုင်ရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၁ သန်းကျော် ရှိပြီး ထိုအထဲတွင် မြို့ပြလူဦးရေက ၃၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေက ၇၀ ရာခိုင်နှုန်းခန့် ရှိသည်။ ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင် မွေးမြူထားသော အိမ်မွေးကြက်များမှတစ်ဆင့် မိသားစုစားသုံးမှုအတွက် အထိုက်အလျောက် ဖြေရှင်းနိုင်သော်လည်း မြို့ပြတွင် နေထိုင်သည့် လူဦးရေ ၁၅ သန်းကျော်အတွက်မူ နေ့စဉ်လိုအပ်သော ကြက်ဥနှင့် ကြက်သားပမာဏသည် အလွန်ကြီးမားပါသည်။

မနက်စာကြက်ဥကြော်မှစ၍ နေ့လယ်စာ ကြက်သားဟင်းအထိ မြို့ပြလူနေမှုဘဝ၏ စားသောက်မှုပုံစံသည် အချိန်နှင့်တစ်ပြေးညီ လည်ပတ်နေရသည်။ လူတစ်ဦးလျှင် တစ်ပတ်ကို ကြက်ဥ သုံးလုံးမျှ စားသုံးမည်ဆိုလျှင်ပင် မြို့ပြလူဦးရေ ၁၅ သန်းအတွက် တစ်ပတ်လျှင် ကြက်ဥသန်း ၄၀ ကျော်၊ တစ်လလျှင် သန်း ၁၈၀ နီးပါး ပုံမှန်ထုတ်လုပ်ပေးနိုင်ရန် လိုအပ်နေပြီဖြစ်သည်။ ဤသည်မှာ အကြမ်းဖျင်းတွက်ချက်မှုသာဖြစ်ပြီး မုန့်လုပ်ငန်းများ၊ စားသောက်ဆိုင်များနှင့် လုပ်ငန်းခွင်သုံး စားသောက်မှုများအတွက်ပါ ထည့်သွင်းစဉ်းစားမည်ဆိုပါက လိုအပ်ချက်မှာ ယခုထက်အဆများစွာ ပိုမိုမြင့်မားမည်ဖြစ်သည်။

ထို့ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရှိရင်းစွဲ လူဦးရေနှင့် လက်ရှိမွေးမြူထုတ်လုပ်နိုင်သည့်ပမာဏကို မြေပြင်သတင်းအချက်အလက်များကောက်ယူကာ စနစ်တကျ တိုက်ဆိုင်စစ်ဆေးရန် လိုအပ်လှပါသည်။ မည်သည့် ဒေသတွင် အထွက်နှုန်းပိုလျှံနေသနည်း။ မည်သည့် ဒေသတွင် အထွက်နှုန်းနည်းသနည်းဆိုသည်ကို တိကျစွာသိရှိမှသာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက် (Supply Chain) ကို ချောမွေ့အောင် စီမံနိုင်မည်ဖြစ်သည်။ ဒေသတစ်ခုချင်းစီအလိုက် စားရေရိက္ခာဖူလုံအောင် ပထမအဆင့်အနေဖြင့် ဦးစွာလျာထားစီမံပြီးမှသာလျှင် ပို့လျှံသော ထုတ်ကုန်များကို အခြားလိုအပ်သည့်ဒေသများသို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ လည်းကောင်း တင်ပို့နိုင်ရေးဆက်လက်ကြိုးပမ်းရမည်ဖြစ်သည်။

အရေအတွက်မှသည် အရည်အသွေးဆီသို့

ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အရေအတွက် (Quantity) ပြည့်မီရေးသည် အရေးကြီးသကဲ့သို့ ထုတ်ကုန်များ၏အရည်အသွေး (Quality) ကို မြှင့်တင်ရေးသည်လည်း မျက်ကွယ်ပြု၍မရသောအချက်ဖြစ်သည်။ ယခင်က ကြက်ဥတစ်လုံးရရှိရေး၊ ကြက်သားတစ်ပိသာရရှိရေးကိုသာ အဓိကထားခဲ့ကြသော်လည်း ယခုခေတ် စားသုံးသူများ၏ အသိအမြင်မှာ ကျယ်ပြန့်လာပြီဖြစ်သည်။

ကြက်ဥတစ်လုံးကို ခွဲကြည့်လိုက်သည့်အခါ ခပ်ဖျော့ဖျော့ အနှစ်အရောင်ရှိသော ကြက်ဥနှင့် ရွှေဝါရောင်ရင့်ရင့်သန်းနေပြီး စေးပိုင်နေသော အနှစ်ရှိသည့် ကြက်ဥတို့အကြား စားသုံးသူ၏ရွေးချယ်မှုမှာ ကွဲပြားသွားမည်သာဖြစ်သည်။ ထို့အတူ ကြက်ဥခွံ၏ထူထဲမှု၊ အနှံ့အသက်စင်စစ်မှု၊ လတ်ဆတ်မှုနှင့် ကြက်သား၏အသားအရောင်၊ အရသာ (Eating Quality) အစရှိသည်တို့သည် ထုတ်ကုန်တစ်ခု၏ ဆွဲဆောင်မှုကို အဆုံးအဖြတ်ပေးပါသည်။ သို့ဖြစ်ရာ မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် မွေးမြူရေးဇောတိုးချဲ့ခြင်း၊ ကြက်ကောင်ရေတိုးမြှင့်ခြင်း စသည့် အရေအတွက်ပိုင်းဆိုင်ရာ တိုးချဲ့မှုများအပြင် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ ဥနှုန်းကောင်းမွန်ရေး၊ သားပေါက်နှုန်းနှင့် စံကိုက် အရွယ်အစားရရှိရေးတို့အတွက် နည်းစနစ်ကျကျ ပြောင်းလဲလုပ်ဆောင်ကြရမည်ဖြစ်သည်။

အရည်အသွေးကောင်းမွန်သော အခြေခံ ထုတ်ကုန်များရရှိလာပြီဆိုပါက ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value-added Products) အဖြစ်သို့ အဆင့်မြှင့်တင်ရန် လွယ်ကူသွားမည်ဖြစ်သည်။ ဥပမာ – ကြက်အူချောင်း။ ကြက်သားပြား၊ ကြက်သားအမှုန့် အစရှိသည့် ကြာရှည်ခံထုတ်ကုန်များအဖြစ် စနစ်တကျ ထုပ်ပိုးထုတ်လုပ်နိုင်ပါက ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်သည်။

ဒေသတွင်း ကုန်ကြမ်းအသုံးပြုမှုနှင့် ကုန်ကျစရိတ်စီမံခန့်ခွဲခြင်း

မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် အဓိကစိန်ခေါ်မှုတစ်ရပ်မှာ အစာဖိုးကုန်ကျစရိတ် ဖြစ်သည်။ ကြက်မွေးမြူရေးတွင် စုစုပေါင်း ကုန်ကျစရိတ်၏ ၇၀ ရာခိုင်နှုန်းခန့်သည် တိရစ္ဆာန် အစာအတွက် သုံးစွဲရခြင်းဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်တို့နိုင်ငံ၏အားသာချက်ကို အမိအရ အသုံးချရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အားလျော်စွာ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲအမျိုးမျိုးတို့ကို နှစ်စဉ် တန်ချိန်သန်းနှင့်ချီ၍ စိုက်ပျိုးထုတ်လုပ်လျက် ရှိသည်။

ထိုစိုက်ပျိုးရေး လုပ်ငန်းများမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများဖြစ်သည့် ဆန်ကွဲ၊ ဖွဲနု၊ ပြောင်းဖူးစေ့၊ ပဲဖတ်၊ နှမ်းဖတ် အစရှိသည်တို့ကို တိရစ္ဆာန်အစာအဖြစ် စနစ်တကျ ဖော်စပ်အသုံးပြုခြင်းဖြင့် သွင်းကုန်အစာများအပေါ် မှီခိုနေရမှုကို သိသိသာသာ လျော့ချနိုင်မည်ဖြစ်သည်။ ဒေသတွင်း ထွက်ရှိသောကုန်ကြမ်းများကို အနည်းဆုံး ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်အသုံးပြုပြီး မွေးမြူရေး အစာများ ထုတ်လုပ်နိုင်မည်ဆိုပါက မွေးမြူရေး သမားများအတွက် ကုန်ကျစရိတ်သက်သာစေရုံသာမက စိုက်ပျိုးရေးတောင်သူများအတွက်လည်း ၎င်းတို့၏ဘေးထွက်ပစ္စည်းများအတွက် ခိုင်မာသော ဈေးကွက်တစ်ခု ဖန်တီးပေးပြီးသားဖြစ်သွားမည်။ ဤသည်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှစ်ခု အကြား အပြန်အလှန်အကျိုးပြုနေသည့် ချိတ်ဆက်မှုယန္တရားပင်ဖြစ်သည်။

မည်မျှပင် ဈေးကွက်ကောင်းစေကာမူ အခြေခံအုတ်မြစ်မခိုင်မာပါက ရေရှည်ရပ်တည်ရန်မဖြစ်နိုင်ပေ။ ကြက်မွေးမြူရေးတွင် မျိုးသည် အသက်ဖြစ်သည်။ မျိုးဗီဇမကောင်းသောကြက်ကို မည်မျှပင် အစာကောင်းကျွေးကျွေး မျှော်မှန်းထားသည့် အထွက်နှုန်းကို ရနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဒေသဥတုရာသီနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသော၊ ဥနှုန်းကောင်းမွန်သော (သို့မဟုတ်) အသားတိုးနှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များကို စနစ်တကျ ရွေးချယ်မွေးမြူရန်လိုအပ်သည်။ မျိုးရင်းများမပျောက်ပျက်စေရေးနှင့် ပိုမိုကောင်းမွန်သော မျိုးသစ်များရရှိရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်နေရမည်ဖြစ်သည်။

ထို့ပြင် ကြက်များ ကျန်းမာစွာကြီးထွားနိုင်ရန် သင့်လျော်သောအပူချိန်၊ လေဝင်လေထွက်နှင့် အလင်းရောင်ရရှိသည့်ဖြစ်များ တည်ဆောက်ရန် လိုအပ်သည်။ ထို့ပြင် ရောဂါဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ဇီဝလုံခြုံရေး (Biosecurity) စနစ်များကို စနစ်တကျ တပ်ဆင်ထားရှိရမည်။ ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများလည်း လိုအပ်ပါသည်။

ကြက်မွေးမြူရာတွင်လည်း ရိုးရာမွေးမြူရေး နည်းစနစ်များမှသည် ခေတ်မီသိပ္ပံနည်းကျ မွေးမြူရေးစနစ်များသို့ ကူးပြောင်းရန်လိုအပ်သည်။ အစာကျွေးနှုန်းတွက်ချက်ခြင်း၊ ကာကွယ်ဆေးထိုး အစီအစဉ်များရေးဆွဲခြင်း၊ အပူချိန်ထိန်းချုပ်စနစ် များအသုံးပြုခြင်း အစရှိသည့် နည်းပညာများကို ကျွမ်းကျင်စွာအသုံးချနိုင်ရမည်။ ပြောင်းလဲလာသော ရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေများအပေါ် မူတည်၍ မိမိတို့၏ မွေးမြူရေးနည်းစနစ်များကို အမြဲမပြတ်လေ့လာသုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်မွမ်းမံနေရန် လိုအပ်ပါသည်။

ပြည်ပဈေးကွက် အခွင့်အလမ်း

ပြည်တွင်းဖူလုံရေးအတွက် ဆောင်ရွက်ရင်း တစ်ဖက်တွင်လည်း ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် မျှော်မှန်းရမည်ဖြစ်သည်။ ဥပမာအားဖြင့် အိမ်နီးချင်း တရုတ်နိုင်ငံသည် ၎င်း၏ကြီးမားလှသော လူဦးရေအတွက် ပြည်တွင်းထုတ်လုပ်မှုနှင့် မလုံလောက်သဖြင့် အီရန်ကဲ့သို့သော ဝေးလံသည့် နိုင်ငံများမှပင် ကြက်ဥများကို သန်းနှင့်ချီ၍ မှာယူတင်သွင်းနေရသည်။ အလားတူပင် ရုရှားနိုင်ငံသည်လည်း ပြည်ပမှ ကြက်ဥများစွာကို နှစ်စဉ်တင်သွင်းနေရသည်။ တရုတ်နိုင်ငံဆိုလျှင် ကြက်ဥသာမက ကြက်၊ ဝက်၊ ဆိတ်၊ အမဲသား၊ ငါး အစရှိသည့် စားရေရိက္ခာများကို ပြည်ပမှ အဖြောက်အဖြား တင်သွင်းနေရသည့် ကြီးမားသောဈေးကွက်ကြီးတစ်ခုအဖြစ် တည်ရှိနေပါသည်။

ဤသည်မှာ မြန်မာနိုင်ငံအတွက် ရွှေရောင်အခွင့်အရေးပင်ဖြစ်သည်။ မိမိတို့ဘက်မှ သတ်မှတ်ထားသော အရည်အသွေး စံချိန်စံညွှန်းများနှင့် အညီ လိုအပ်သည့်ပမာဏကို အာမခံချက်ရှိရှိ ပေးစွမ်းနိုင်မည်ဆိုပါက ထိုဈေးကွက်ကြီးများဆီသို့

စာမျက်နှာ ၂၄ သို့

“ကြက်မွေးမြူရေးတွင် မျိုးသည်အသက်ဖြစ်သည်။ မျိုးဗီဇမကောင်းသော ကြက်ကို မည်မျှပင် အစာကောင်းကျွေးကျွေးမျှော်မှန်းထားသည့် အထွက်နှုန်းကို ရနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဒေသဥတုရာသီနှင့်ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသော၊ ဥနှုန်းကောင်းမွန်သော (သို့မဟုတ်) အသားတိုးနှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များကို စနစ်တကျရွေးချယ်မွေးမြူရန် လိုအပ်သည်။ မျိုးရင်းများမပျောက်ပျက်စေရေးနှင့် ပိုမိုကောင်းမွန်သော မျိုးသစ်များရရှိရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်နေရမည်”

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်မရောမြို့ရှိ နယ်မြေခံတပ်ရင်ဒိုင်ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်ဖျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

